မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၂၇]   ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက် (၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂ ရက်) } သောကြာနေ့   [အတွဲ ၇၄

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၆၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁ ရက်)

**အမျိုးသားပညာရေးမူဝါဒကော်မရှင် ဖျက်သိမ်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၅/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သော **အမျိုးသားပညာရေးမူဝါဒကော်မရှင်** ကို ယနေ့မှစ၍ ဖျက်သိမ်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၆၇/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁ ရက်)

**စက်ပစ္စည်းကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများရှိ မော်တော်ယာဉ်၊ မီးရထား၊ ရေယာဉ်နှင့် လေယာဉ်အပါအဝင် စက်ပစ္စည်းများ၏ စာရင်းကို စုစည်း၍ စက်ပစ္စည်းအင်အားကို အကျိုးရှိစွာအသုံးချနိုင်ရေးအတွက် မူဝါဒနှင့် လမ်းညွှန်မှုများချမှတ်နိုင်ရန် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော စက်ပစ္စည်းကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းလိုက်သည်–

(က) ပြည်ထောင်စုဝန်ကြီး
စက်မှုဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) အမြဲတမ်းအတွင်းဝန်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

| | | |
|---|---|---|
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စက်ပစ္စည်းကြီးကြပ်မှုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၃။ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးရှိ စက်ပစ္စည်းများကို စာရင်းကောက်ယူ၍ စာရင်းအင်းများ စနစ်တကျ ရေးဆွဲခြင်း၊

(ခ) ယာဉ်နှင့် ယန္တရားအပါအဝင် စက်ပစ္စည်းများကို စနစ်တကျအသုံးချမှုနှင့်စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့် လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(ဂ) ပုဂ္ဂလိကအသင်း၊ အဖွဲ့အစည်းများသို့ စက်ပစ္စည်းများထုတ်ပေးငှားရမ်းခြင်းအတွက် သင့်လျော်သော ငှားရမ်းခနှုန်းထား သတ်မှတ်ပေးခြင်း၊

(ဃ) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီး၌ ထိန်းသိမ်းထားသော စက်ပစ္စည်းများပြင်ဆင်မှု၊ စနစ်တကျထိန်းသိမ်းစောင့်ရှောက်မှုနှင့်စပ်လျဉ်း၍ လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(င) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးမှ ရုံးသုံးပရိဘောဂအပါအဝင် စက်ပစ္စည်းများဝယ်ယူခြင်း၊ ရယူခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်သော ထောက်ခံချက်၊ လမ်းညွှန်မှုနှင့် အကြံဉာဏ်များပေးခြင်း၊

(စ) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးမှ စက်ပစ္စည်းများကို လိုအပ်ပါက အခြားပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ လွှဲပြောင်းပေးခြင်း၊

(ဆ) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးက စက်ပစ္စည်းများကို ပြည်တွင်းမှ ဖြစ်စေ၊ ပြည်ပမှဖြစ်စေ ဝယ်ယူရာတွင် စက်ပစ္စည်းအမျိုးအစား၊ စံချိန်စံညွှန်းနှင့်ညီညွတ်စေရန် ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ အကြံဉာဏ်ပေးခြင်းနှင့် လိုအပ်ပါက ဝယ်ယူပေးခြင်း၊

(ဇ) ပြည်ထောင်စုဝန်ကြီးဌာန၊အစိုးရဌာန၊အစိုးရအဖွဲ့အစည်းအသီးသီး၏ကုန်သွယ်မှုလုပ်ငန်းအတွက် ဝယ်ယူမည့်စက်ပစ္စည်းများနှင့်စပ်လျဉ်း၍ အကြံဉာဏ်ပေးခြင်းနှင့် လမ်းညွှန်မှုပေးခြင်း၊

(ဈ) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးရှိ စက်ပစ္စည်းများကို စစ်ဆေး၍ တန်ဖိုးသတ်မှတ်ပေးခြင်း၊

(ည) စက်ပစ္စည်းကြီးကြပ်မှုကော်မတီသည် ယင်း၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ၌ လုပ်ငန်း အလျောက် လိုအပ်ပါက ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များကိုဖိတ်ကြား၍ ဆွေးနွေးခြင်း၊ အကြံဉာဏ်ရယူခြင်း။

၄။ စက်ပစ္စည်းကြီးကြပ်မှုကော်မတီသည် မိမိလုပ်ငန်းတာဝန်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အတွက် ကော်မတီအစည်းအဝေးများကို လိုအပ်သလို ကျင်းပနိုင်သည်။

၅။ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ ရုံးလုပ်ငန်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟို စက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

၆။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၉/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် (၁၆၈/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁ ရက်)

### ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီး ကာကွယ်ရေးဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များအရ **ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
စက်မှုဝန်ကြီးဌာန

| | | |
|---|---|---|
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဥက္ကဋ္ဌ<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဎ) | ဥက္ကဋ္ဌ<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဏ) | ဥက္ကဋ္ဌ<br>မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (တ) | ဒုတိယကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်<br>ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ဥက္ကဋ္ဌ<br>ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |

( ဒ ) ပါမောက္ခ (ဌာနမှူး) — အဖွဲ့ဝင်
ဓာတုအင်ဂျင်နီယာဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်

( ဓ ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

( န ) ပါမောက္ခ (ဌာနမှူး) — တွဲဖက်အတွင်းရေးမှူး (၁)
ဓာတုဗေဒဌာန
ရန်ကုန်တက္ကသိုလ်

( ပ ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး (၂)
မီးသတ်ဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့ကို လိုအပ်သလိုပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၃။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

( ခ ) ထုတ်လုပ်ခြင်း၊ ပြုပြင်ဖော်စပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်းမပြုရန် တားမြစ်ပိတ်ပင်သည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်း၏ အမျိုးအမည်နှင့်ပမာဏကို သတ်မှတ်ခြင်း၊

( ဂ ) လိုင်စင်သက်တမ်းနှင့် မှတ်ပုံတင်လက်မှတ်သက်တမ်းတို့ကို သတ်မှတ်ခြင်း၊

(ဃ) လိုင်စင်လျှောက်ထားသူနှင့် မှတ်ပုံတင်လက်မှတ်လျှောက်ထားသူတို့၏ အရည်အချင်းနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

( င ) အန္တရာယ်သတိပေးအမှတ်အသားကပ်ခြင်းနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်းနှင့် ထုတ်ပြန်ခြင်း၊

( စ ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ သိုလှောင်ထားရှိမည့် သိုလှောင်ရုံတည်ဆောက်သင့်သောနေရာ သတ်မှတ်ခြင်း၊ သိုလှောင်ရုံနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဆ) မူလဓာတ်ခွဲခန်းနှင့် အယူခံဓာတ်ခွဲခန်းများကို သတ်မှတ်ခြင်း၊

( ဇ ) အမျိုးသားအဆင့်ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများစာရင်းနှင့်စပ်လျဉ်း၍ အမျိုးအစားခွဲခြားခြင်း၊ စာရင်းထုတ်ပြန်ခြင်း၊ ယင်းတို့၏ကန့်သတ်ချက်များကို သတ်မှတ်ခြင်းနှင့် နိုင်ငံတကာစံချိန်စံညွှန်းများအရသော်လည်းကောင်း၊ သုတေသနစမ်းသပ်တွေ့ရှိချက်အရသော်လည်းကောင်း အမျိုးအစားခွဲခြားခြင်းကို ပြန်လည်ပြင်ဆင်ခြင်း၊

(ဈ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းတွင် အလုပ်လုပ်ကိုင်သူများ၏ ကျန်းမာရေး၊ အသက်အန္တရာယ်ကို တိုက်ရိုက်ထိခိုက်မှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမှတစ်ဆင့် လူနှင့်တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့်အသက်အန္တရာယ်အား သွယ်ဝိုက်ထိခိုက်မှုတို့ကို ကြိုတင်ဆန်းစစ်မှုပြုလုပ်ခြင်းနှင့် ထိရောက်သောစီမံခန့်ခွဲမှုကို ဆောင်ရွက်ခြင်း၊

(ည) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင်အား ဆိုးကျိုးသက်ရောက်မှုကို ဆန်းစစ်မှုပြုလုပ်ခြင်းနှင့် ထိရောက်သောစီမံခန့်ခွဲမှုကို ဆောင်ရွက်ခြင်း၊

(ဋ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကြောင့် လူနှင့်တိရစ္ဆာန်တို့၏ ကျန်းမာရေးကိုအန္တရာယ်ဖြစ်မှုနှင့် ပတ်ဝန်းကျင်သို့ ဆိုးကျိုးသက်ရောက်မှုအား အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန်လိုအပ်သော အဖွဲ့များဖွဲ့စည်း၍ တာဝန်ပေးခြင်းနှင့် အရေးယူခြင်း၊

(ဌ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ အကြံပေးအဖွဲ့နှင့် အခြားပညာရပ်ဆိုင်ရာအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းခြင်း၊

(ဍ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း။

၄။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့၏ ရုံးလုပ်ငန်းတာဝန်များကိုစက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရမည်။

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၆၉/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂ ရက်)

## ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၃/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော **ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ** တွင် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၇၀/ ၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၃ ရက်)

**ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် **ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | | |
|---|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ဥက္ကဋ္ဌ<br>ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | ဒုတိယဥက္ကဋ္ဌ (၃) |
| (င) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဍ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဎ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဏ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(တ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ထ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဒ) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဓ) အမြဲတမ်းအတွင်းဝန် — တွဲဖက်အတွင်းရေးမှူး (၁)
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(န) အတွင်းရေးမှူး — တွဲဖက်အတွင်းရေးမှူး (၂)
ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ

၂။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေး ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီနှင့် ဗဟိုကော်မတီ၏ လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် ဖွဲ့စည်းခဲ့သည့် လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ၊ ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ စသည့်လုပ်ငန်းကော်မတီများအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်၊

(ခ) ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ရောက်ရှိနေသည့် စိစစ်ပြီး နေရပ်စွန့်ခွာသူများကို နှစ်နိုင်ငံ သဘောတူညီချက်များနှင့်အညီ ပြန်လည်လက်ခံနိုင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာဘက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ညှိနှိုင်းပေါင်းစပ်ရမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးများ ဦးဆောင်ကျင်းပရန်နှင့် သက်ဆိုင်ရာလုပ်ငန်း ကော်မတီများအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပြီး ဗဟိုကော်မတီသို့တင်ပြ၍ လမ်းညွှန်မှုခံယူရန်၊

(ဂ) ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသည့် နေရပ်စွန့်ခွာသူများကို နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒ များနှင့်အညီ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် စတင်ပါက နေရပ်စွန့်ခွာသူများကိုစိစစ်၍ ပြန်လည် လက်ခံရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ရေး၊ ပြန်လည်နေရာ ချထားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေးစသည့် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ သက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အကူအညီများပေးအပ်ရေးတို့ကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၇၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၃ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်)၊ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ အေးအေးခင် ကို ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (၂) ရန်ကုန် ပါမောက္ခချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သူနာပြုတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ ခင်ဝင်းစိန် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးကျော်တင်ရှိန်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာ မျိုးမျိုး<br>ဒုတိယပါမောက္ခချုပ်<br>ရွှေဘိုတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရွှေဘိုတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) | ဒေါ်မီမီတင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(မူဝါဒနှင့် စီမံကိန်း)<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၇၂/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၄ ရက်)

**ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative– BRI) အကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးဆောင်ကော်မတီ အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော **ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative– BRI) အကောင်အထည်ဖော်ဆောင်ရွက်ရေးဦးဆောင်ကော်မတီ** တွင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန **အစား** အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာနတို့ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၇၃/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၄ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ရာထူးမှထုတ်ပယ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၂၀၂၁ ခုနှစ်၊ မေလ ၂၈ ရက်နေ့မှစ၍ ရာထူးမှထုတ်ပယ်လိုက်သည်–

| | **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဒေါက်တာမိုးပွင့် | ပါမောက္ခချုပ်<br>မန္တလေးကွန်ပျူတာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာမျိုးညွန့် | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ် (မုံရွာ)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၇၄/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၅ ရက်)

**အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း**

၁။ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ယခင်ပြည်ထောင်စုအစိုးရအဖွဲ့မှ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၉/၂၀၂၀ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသား ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင် အား အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်ခဲ့ရာ ၎င်း၏ ကျန်းမာရေးအခြေအနေကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ ၂၀၂၁ခုနှစ်၊ ဧပြီလ ၁၂ရက်တွင် အလုပ်မှနုတ်ထွက်ခွင့်ပြုခဲ့ပြီးဖြစ်သည့်အတွက် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်စိုး အား အမြဲတမ်းအတွင်းဝန် (လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား) အဖြစ် ပူးတွဲ တာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဦးအောင်ကျော်စိုး သည် ညွှန်ကြားရေးမှူးချုပ် အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့်တာဝန်များအပြင် ဆိုင်ရာဦးစီးဌာန၏ တာဝန်များကို ပူးတွဲတာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ကျပ်ငွေ ၂၀၀၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသောလစာနှင့် စရိတ်အပြင်ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၇၅/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၇ ရက်)

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအဖွဲ့ဝင် သတ်မှတ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၄၃/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း အား အဖွဲ့ဝင် အဖြစ်သတ်မှတ်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၇၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၇ ရက်)

**မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံရှိ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား ထိန်းသိမ်းမြှင့်တင်နိုင်ရေးနှင့် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ တင်သွင်းနိုင်ရေးအတွက် **မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး (ယဉ်ကျေးမှု)<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဦးမျိုးဆွေ၊ အဖွဲ့ဝင်<br>ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဆ) | ဦးစန်းဝေ၊ အဖွဲ့ဝင်<br>ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| ( ဇ ) | ရဲမှူးကြီး သန်းဝင်း၊ အဖွဲ့ဝင် (၂)<br>ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဈ) | ဦးနေလင်း၊ အဖွဲ့ဝင် (၄)<br>ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ည) | ဦးသန့်ဇင်ကိုကို၊ အဖွဲ့ဝင် (၅)<br>စစ်ကိုင်းတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| ( ဋ ) | ဦးယဉ်ထွေး၊ အဖွဲ့ဝင် (၄)<br>တနင်္သာရီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| ( ဌ ) | ဦးအောင်မင်း၊ အဖွဲ့ဝင် (၄)<br>ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| ( ဍ ) | ဦးစိုးပိုင်မြင့်၊ အဖွဲ့ဝင် (၄)<br>မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| ( ဎ ) | ဦးသိန်းဌေး၊ အဖွဲ့ဝင် (၄)<br>မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |

(ဏ) ဦးတင်ချယ်၊ အဖွဲ့ဝင် — အဖွဲ့ဝင်
မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ

(တ) ဦးစိုးလွင်၊ အဖွဲ့ဝင် — အဖွဲ့ဝင်
ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ

(ထ) ဦးအောင်ဝင်းသိန်း၊ အဖွဲ့ဝင် (၅) — အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ

( ဒ ) ဦးစိုင်းလိတ်၊ အဖွဲ့ဝင် (၃) — အဖွဲ့ဝင်
ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ

( ဓ ) ဦးအုန်းမြင့်၊ အဖွဲ့ဝင် (၃) — အဖွဲ့ဝင်
ဧရာဝတီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ

( န ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

( ပ ) အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

( ဖ ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

( ဗ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အနုပညာဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဘ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

( မ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(ယ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဥပဒေစိစစ်ရေးဦးစီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး

( ရ ) ပါမောက္ခချုပ် — အဖွဲ့ဝင်
အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(လ) ပါမောက္ခချုပ် — အဖွဲ့ဝင်
အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

( ဝ ) ဒေါက်တာတိုးလှ — အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ (၂)၊ မြန်မာသမိုင်းအဖွဲ့

(သ) ဒေါက်တာမြင့်ကြည် — အဖွဲ့ဝင်
အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့

(ဟ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဠ) ဒုတိယအမြဲတမ်းအတွင်းဝန် (ယဉ်ကျေးမှု) — တွဲဖက်အတွင်းရေးမှူး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

၂။ မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အမျိုးသားရေးမူဝါဒတစ်ရပ် ရေးဆွဲချမှတ်ဆောင်ရွက်ရန်၊

(ခ) မြန်မာနိုင်ငံရှိ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် စာရင်းပြုစုရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဂ) အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပေါင်းစပ်ညှိနှိုင်း၍ အမျိုးသားအဆင့် တင်သွင်းခြင်းဆောင်ရွက်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဃ) အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဆင့်မှ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ တင်သွင်းနိုင်ရေး Nomination Dossier ရေးသားဆောင်ရွက်ရေးကြီးကြပ်ရန်နှင့် Periodic Reporting ကို သတ်မှတ်ချိန်တွင် တင်သွင်းရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(င) ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာများကို ပြည်သူများအား အသိပညာပေးခြင်း၊ ပြပွဲ၊ မြှင့်တင်ပွဲများ ကျင်းပပြုလုပ်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(စ) မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများအား နိုင်ငံတကာနှင့်ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်သွားရန်၊

(ဆ) မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးမြှင့်တင်ခြင်းလုပ်ငန်းများ ရေရှည်တည်တံ့ ဆောင်ရွက်နိုင်ရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာငွေများ ထည့်သွင်းတောင်းခံဆောင်ရွက်သွားရန်၊

(ဇ) မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအတွက် ရေးဆွဲပြုစုဆောင်ရွက်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဈ) ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမြှင့်တင်ခြင်းလုပ်ငန်းများ ရေရှည်တည်တံ့ဆောင်ရွက်နိုင်ရေးအတွက် စီမံချက်ရေးဆွဲထားရှိရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ည) ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကာလတို/ကာလရှည်လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည့် လုပ်ငန်းကော်မတီကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်သွားရန်။

၃။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၇၇/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၉ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအား ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇာနည်ဝင်း အား ၂၀၂၁ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့မှစ၍ ဝန်ထမ်းအဖြစ်မှထုတ်ပစ်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၂ ရက်)

**စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည်၂၀၂၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မဲမသမာမှုများ၊ တရားမဲ့ပြုကျင့်မှုများအား စစ်ဆေးလျက်ရှိရာတွင် အထောက်အကူဖြစ်စေရန်အတွက် တရားမဲ့ပြုကျင့်မှုနှင့် မဲမသမာမှုများကို သိရှိသည့် ပြည်သူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တိုင်ကြားနိုင်ကြောင်း ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ပြည်သူများသို့ အသိပေးကြေညာချက်အရ ဖျာပုံမြို့နယ်မှ မဲဆန္ဒရှင်ပြည်သူ ၂ ဦး၏ တိုင်ကြားစာနှင့်စပ်လျဉ်း၍ ဖြစ်စဉ်များ မှန်ကန်မှု ရှိ မရှိ စုံစမ်းစစ်ဆေးရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၂၇ နှင့်အညီ အောက်ဖော်ပြပါ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဒုတိယညွှန်ကြားရေးမှူး<br>ဧရာဝတီတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး | အဖွဲ့ခေါင်းဆောင် |
| (ခ) | လက်ထောက်ညွှန်ကြားရေးမှူး တစ်ဦး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖျာပုံခရိုင် | အဖွဲ့ဝင် |
| (ဂ) | လက်ထောက်ညွှန်ကြားရေးမှူး တစ်ဦး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာခရိုင်ဦးစီးမှူးရုံး၊ ဖျာပုံခရိုင် | အဖွဲ့ဝင် |
| (ဃ) | ရဲမှူး တစ်ဦး<br>မှူခင်းရဲတပ်ဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (င) | ရဲမှူး တစ်ဦး<br>သတင်းရဲတပ်ဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး | အဖွဲ့ဝင် |

၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် တိုင်ကြားစာနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် သဘောထားဖော်ပြချက်များပါရှိသည့် အစီရင်ခံစာကို ၂၀၂၁ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့ နောက်ဆုံးထား၍ တင်ပြရန် ဖြစ်ပါသည်။

သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၂၁ ရက်)

၁။ ၂၀၂၁ခုနှစ်၊မေလ၁၉ရက်နေ့တွင်ကျင်းပပြုလုပ်သောပြည်ထောင်စုရာထူးဝန်အဖွဲ့၊အစည်းအဝေး အမှတ်စဉ် (၁၂/၂၀၂၁) ၏ သဘောတူညီချက်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ တားဆီး ကာကွယ်ရေးနှင့် စုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ ဦးစီးမှူး (၂)ဦးတို့အား ၎င်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြပါရာထူး၊လစာနှုန်းနှင့်ဌာန များသို့တာဝန်ဝတ္တရား များကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| (က) | ဒေါ်မြတ်မွန်မွေး | ဦးစီးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>အသိပညာပေးရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဌာန | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အသိပညာပေးရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဌာန |
| (ခ) | ဦးစိုးမင်းထွန်း | ဦးစီးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ပိုင်ဆိုင်မှုကြေညာလွှာ<br>မှတ်တမ်းနှင့်စိစစ်ရေးဌာန | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပိုင်ဆိုင်မှုကြေညာလွှာ<br>မှတ်တမ်းနှင့်စိစစ်ရေးဌာန |

၂။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၅၁ အရ တိုးမြှင့်ခန့်ထားသည့် ရာထူး၏ လစာနှုန်း တန်းတွင် အနိမ့်ဆုံးလစာအဆင့်မှစ၍ သတ်မှတ်ခံစားခွင့်ပြုလိုက်သည်။

တင်ဦး
ဥက္ကဋ္ဌ
အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

**ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ**

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် **ကျန်းမာရေးစောင့်ရှောက်မှု ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

| | | |
|---|---|---|
| ( ခ ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ညွှန်ကြားရေးမှူးချုပ်<br>ဆေးသုတေသနဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့် ကာယပညာဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | ညွှန်ကြားရေးမှူး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဌ ) | ညွှန်ကြားရေးမှူး<br>မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဍ ) | ညွှန်ကြားရေးမှူး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဎ ) | ညွှန်ကြားရေးမှူး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူး<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(တ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ထ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံကြက်ခြေနီအသင်း

(ဒ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံဆရာဝန်အသင်း

(ဓ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း

(န) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း

(ပ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဖ) ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) — တွဲဖက်အတွင်းရေးမှူး
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

၂။ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစီမံချက်ရေးဆွဲဆောင်ရွက်ရန်၊

(ခ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အရေးပေါ်ကွပ်ကဲရေးဌာန(Emergency Operations Centre-EOC)၊ဦးစီးဌာနအသီးသီးနှင့် တိုင်းဒေသကြီး၊ပြည်နယ်အသီးသီးမှ EOC များအား အသင့်အနေအထားတွင် ရှိစေရေးအတွက် ပြင်ဆင်ထားရှိရန် ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် Table Top Exercise များ၊ Simulation Exercise များ ဆောင်ရွက်ရန်၊

(ဂ) သဘာဝဘေးကျရောက်သည့် အရေးပေါ်အခြေအနေတွင် Central Command System ဖြင့် ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဦးစီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များသို့ စတင်ညွှန်ကြားရန်၊

(ဃ) ဗဟို၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး Rapid Response Team များ အသင့်ဖွဲ့စည်းနိုင်ရေးအတွက် သင်တန်းပေးရန်နှင့် ကြီးကြပ်ဆောင်ရွက်ရန်၊

(င) သဘာဝဘေးကျရောက်နိုင်သည့် ဒေသများ၌ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆေးရုံ၊ ဆေးခန်းနှင့် ဆေးကုသရေးအဖွဲ့များ အသင့်ဖွဲ့စည်းဆောင်ရွက်ရန်၊

(စ) ယာယီကယ်ဆယ်ရေးစခန်းများတွင် Camp Management လုပ်ငန်းများနှင့် ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကူးစက်ရောဂါတိုက်ဖျက်ရေး အထူးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန်၊

(ဆ) သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူလူထုအား သဘာဝဘေး၏နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများဖြစ်သည့် စိတ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် မကူးစက်တတ်သော နာတာရှည်ရောဂါများကုသနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်၊

(ဇ) အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်သော သင်တန်းများပေးရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်၊

(ဈ) လိုအပ်သောဆေးဝါးများစုဆောင်းထားရှိရန်နှင့် သိုလှောင်ဖြန့်ဖြူးမှုများ စီစဉ်ဆောင်ရွက်ရန်၊

(ည) လိုအပ်သောရန်ပုံငွေများကို ကြိုတင်လျာထားဆောင်ရွက်ရန်၊

(ဋ) သဘာဝဘေးဒဏ်သင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပုံမှန်အခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဌ) သဘာဝဘေးကြောင့် ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများ ပျက်စီးမှုရှိပါက အမြန်ဆုံးပြန်လည်ပြုပြင်ရန်၊ တည်ဆောက်ရန်နှင့် လိုအပ်ပါက အဆင့်တိုးမြှင့်တည်ဆောက်ရန်၊

(ဍ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများပါဝင်သည့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ (Health Cluster) ကို ဖွဲ့စည်း၍ ဦးဆောင်ဆောင်ရွက်ရန်၊

(ဎ) နိုင်ငံတကာမှ ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် ဆေးအဖွဲ့များ (International Health Teams) ခေါ်ယူရေး ကြီးကြပ်ဆောင်ရွက်ရန်၊ နိုင်ငံတကာဆေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဏ) သဘာဝဘေးသင့်ဒေသများတွင် ဖြစ်ပွားတတ်သည့် ကျန်းမာရေးဆိုင်ရာပြဿနာများနှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ထားရှိရန်၊ အရေးပေါ်ကာလတွင် သတင်းမီဒီယာများမှတစ်ဆင့် စဉ်ဆက်မပြတ် ထုတ်လွှင့်ဖော်ပြပေးရန်၊

(တ) ဘေးသင့်ဒေသများတွင် ကျန်းမာရေးဆိုင်ရာပြဿနာများနှင့် ဖြေရှင်းဆောင်ရွက်မှုများကို သတင်းမီဒီယာများမှတစ်ဆင့် ထုတ်ပြန်ပေးရန်၊

(ထ) ကော်မတီ၏ လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး၊ အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

(ဒ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဓ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်သွားရန်။

၃။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၂၁)

## ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီ

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် **ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်းပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | |
|---|---|
| (က) ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာ | ဥက္ကဋ္ဌ |
| (ခ) အမြဲတမ်းအတွင်းဝန်<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |

(ဂ) အတွင်းရေးမှူး — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်
စီမံအုပ်ချုပ်ရေးကောင်စီအားလုံး

(ဃ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ဗဟိုစာရင်းအင်းအဖွဲ့
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ည) ဒုတိယညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

၂။ ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သဘာဝဘေးဖြစ်ပွားပြီးနောက် ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းအချက်အလက်များ ကောက်ယူနိုင်ရေး၊ ကနဦးလိုအပ်ချက်များ စိစစ်နိုင်ရေးတို့အတွက် လိုအပ်သည့်စာရင်း ကောက်ယူမှုပုံစံများ ကြိုတင်ရေးဆွဲပြင်ဆင်ထားရန်၊

(ခ) ဒေသအလိုက်ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် ထိုဒေသ၏ ဖွံ့ဖြိုးမှုအခြေအနေ (လူဦးရေ၊ စီးပွားရေးလုပ်ငန်းများ၊ အခြေခံအဆောက်အဦများ စသည်ဖြင့်) ကို လေ့လာဆန်းစစ် ဖော်ထုတ်၍ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်သည့် အခြေအနေများကို ကြိုတင် ဆန်းစစ်ဖော်ထုတ်ထားရန်၊

(ဂ) ပျက်စီးဆုံးရှုံးမှုကိန်းဂဏန်းအချက်အလက်များ ကောက်ယူနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ကြိုတင်ချိတ်ဆက်၍ လုပ်ငန်းဆောင်ရွက်မှုစနစ်များ ထူထောင်ထားရန်၊

(ဃ) လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းအချက်အလက်များရရှိရေးနှင့် အတည်ပြုနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(င) ကနဦးပျက်စီးဆုံးရှုံးမှုစာရင်းများ ကောက်ယူနိုင်ရေးနှင့် လိုအပ်ချက်များ စိစစ်နိုင်ရေးအတွက် ဘေးသင့်ဒေသများသို့ အမြန်ဆုံးစေလွှတ်နိုင်မည့် Mobile Team များကို လူ၊ ပစ္စည်း၊ ငွေ စသည့် လိုအပ်သည့်အင်အားများဖြင့် စုဖွဲ့ထားပြီး လေ့ကျင့်သင်တန်းပေးထားရန်၊

(စ) ဘေးအန္တရာယ်ဖြစ်ပွားပြီးသည်နှင့် ဖြစ်နိုင်သမျှချက်ချင်းသတင်းရရှိစေရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အထိ ဆက်သွယ်ရေးကွန်ရက်စနစ်များ ထူထောင်ထားရှိရန်နှင့် မြေပြင် သတင်းရယူရေးအဖွဲ့များ ဖွဲ့စည်းထားရှိချိတ်ဆက်ဆောင်ရွက်ရန်၊

(ဆ) သဘာဝဘေးဒဏ်ခံရသောဒေသသို့ သွားရောက်ရန် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်သွားပါက ပျက်စီးမှုအခြေအနေများအား သိရှိနိုင်ရန်အတွက် ဂြိုဟ်တုဓာတ်ပုံ၊ လေယာဉ်ကောင်းကင်ဓာတ်ပုံ၊ ဝေဟင်မှအကဲကြည့်သတင်းပို့ချက်၊ မြေပြင်သတင်းပို့ချက်များအားရယူပြီး ပျက်စီးဆုံးရှုံးမှုပမာဏအား သုံးသပ်ဖော်ထုတ်ရန်၊

(ဇ) ကနဦးသိရှိရသည့် သတင်းအချက်အလက်များအရ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ထောက်ပံ့ရေး လုပ်ငန်းများ၊ ဘေးသင့်ဒေသ၏လိုအပ်ချက်များကို သုံးသပ်အကြံပြုပေးရန်၊

(ဈ) ဘေးအန္တရာယ်တစ်ခုဖြစ်ပွားပြီးနောက် ပျက်စီးဆုံးရှုံးမှုစာရင်းများကို အပြီးသတ်အတည်ပြုပေးရန်နှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရန်၊

(ည) ကနဦးပျက်စီးဆုံးရှုံးမှုစာရင်းများ၊ အတည်ပြုပြီးသည့် ပျက်စီးဆုံးရှုံးမှုစာရင်းများနှင့်ပတ်သက်၍ ပြည်သူသို့ ထုတ်ပြန်ကြေညာနိုင်ရန်နှင့် နိုင်ငံတကာသို့ကြေညာပေးနိုင်ရန်အတွက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဋ) ဘေးအန္တရာယ်တစ်ခုဖြစ်ပွားပြီးနောက် ကနဦးလိုအပ်ချက်များ၊ ရေရှည်အတွက်လိုအပ်ချက်များ၊ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ကဏ္ဍအလိုက်လိုအပ်ချက်များကိုဖော်ထုတ်၍ အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့တင်ပြရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လုပ်ငန်းကော်မတီများ၊ တိုင်းဒေသကြီး/ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများသို့ အကြံပြုပေးရန်၊

(ဌ) ကော်မတီ၏လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ် ပြင်ဆင်ဆောင်ရွက်ရန်၊

(ဍ) ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လတစ်ကြိမ်အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့တင်ပြသွားရန်၊

(ဎ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်သွားရန်၊

(ဏ) တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့် ဗဟိုစာရင်းအင်းအဖွဲ့ရုံးခွဲတို့ ပူးပေါင်း၍ ပျက်စီးဆုံးရှုံးမှုများကို နေ့စဉ် Update စာရင်းများပြုစု၍ အတွင်းရေးမှူးရုံး (ဗဟိုစာရင်းအင်း အဖွဲ့) သို့ပေးရန်။

၃။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဥက္ကဋ္ဌ (ကိုယ်စား)
အောင်ထွန်းခိုင်၊ အတွင်းရေးမှူး
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၈၂/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၄ ရက်)

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၂) ဦး တို့အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | (ပထရ/၀၀၀၀၀၈) | ဒုတိယဦးစီးမှူး | ဒေါ်မိုးမိုးအေး |
| (၂) | (ပထရ/၀၀၀၀၀၉) | ဒုတိယဦးစီးမှူး | ဦးအောင်မျိုးသူ |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၈၃/၂၀၂၁)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ အရာရှိ (၂) ဦးတို့အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) ကို ၂၀၂၁ ခုနှစ်၊ မေလ ၂၂ ရက်နေ့မှ စက်တင်ဘာလ ၂၁ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်-

(၁) ရဲ ၂၁၄၉ ရဲမှူးကြီး ကြည်စိုး
ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး
တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့

(၂) ရဲ ၂၈၁၉ ဒုတိယရဲမှူးကြီး သန်းအောင်
ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဖာပွန်ခရိုင်
ကရင်ပြည်နယ်ရဲတပ်ဖွဲ့

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၀၈/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၁ ရက်)

**အမုန်းစကားများ ကာကွယ်တားဆီးရေးဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅၅/၂၀၂၀) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သော **အမုန်းစကားများ ကာကွယ်တားဆီးရေးဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီ** အား အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဗိုလ်ချုပ် စိုးတင့်နိုင် | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်နုနုယဉ် | အဖွဲ့ဝင်<br>မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် | အဖွဲ့ဝင် |
| (ဂ) | ဦးမြင့်ဦး | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဃ) | ဦးစိုးသိန်း | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ဒေါ်မာလာသန်းထိုက် | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်<br>စီးပွားရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဦးအေးကြွယ် | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးမင်းအေးကို | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ရဲဗိုလ်ချုပ် အောင်အောင် | ဒုတိယရဲချုပ် (၁)<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | ဦးဝင်းရှိန် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဒေါ်တင့်တင့်ဟန် | ညွှန်ကြားရေးမှူး<br>ဥပဒေစိစစ်အကြံပြုရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| ( ဋ ) | ရဲမှူးချုပ် ဇော်ထွန်းအောင် | ရဲဦးစီးအရာရှိချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အတွင်းရေးမှူး |

၂။ အမုန်းစကားများ ကာကွယ်တားဆီးရေးဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အမုန်းစကားများ ကာကွယ်တားဆီးရေးဥပဒေ (မူကြမ်း) ရေးဆွဲရန်၊

( ခ ) ဘာသာရေး၊ လူမျိုးရေးသာမက နိုင်ငံရေးနှင့် လူမှုရေးနယ်ပယ်များကိုလည်း ထည့်သွင်းရေးဆွဲသွားရန်၊

( ဂ ) လိုအပ်ပါက ဥပဒေအမည် ပြင်ဆင်ဆောင်ရွက်သွားရန်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၅/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၂၈ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ ၂၀၂၀–၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများ၊ စက်နှင့် စက်ပစ္စည်းများနှင့် ရုံးသုံးပရိဘောဂများ ဝယ်ယူရာတွင် အရည်အသွေးပြည့်မီသော အဆောက်အဦ၊ စက်ပစ္စည်းများရရှိရေး နိုင်ငံတော်သမ္မတရုံး၏

ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) နှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် **တင်ဒါကော်မတီ** အား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည်–

| | | | |
|---|---|---|---|
| (က) | ဦးမြင့်ဦး | ဥက္ကဋ္ဌ၊ အခွန်အယူခံခုံအဖွဲ့ | ဥက္ကဋ္ဌ |
| ( ခ ) | ဦးသန့်ဇော် | ညွှန်ကြားရေးမှူးချုပ် | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ဦးဇော်ဟိန်းအောင် | လက်ထောက်အတွင်းဝန် | အဖွဲ့ဝင် |
| (ဃ) | ဦးထက်အောင် | ဒုတိယအမြဲတမ်းအတွင်းဝန် | အတွင်းရေးမှူး |

၂။ အဆိုပါကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်–

(က) ကျပ် (၁၀) သန်းအောက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် တင်ဒါခေါ်ယူရန်မလိုအပ်ဘဲ တင်ဒါကော်မတီအနေဖြင့် ပစ္စည်းပေးသွင်းသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ပေးသူများအနက်မှ ယုံကြည်စိတ်ချရသော အနည်းဆုံး ကုမ္ပဏီ (၃) ခုအား ဈေးနှုန်းအဆိုပြုလွှာတောင်းခံပြီး ဈေးနှုန်းအနည်းဆုံး တင်သွင်းသူထံမှ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်း၊

( ခ ) ကျပ် (၁၀) သန်းမှ ကျပ်သန်း (၁၀၀) အထိ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းများတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် ရက်သတ္တ (၂) ပတ်ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာခြင်း၊

( ဂ ) ကျပ်သန်း (၁၀၀) အထက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းအတွက် ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစားများကို ရှင်းလင်းစွာဖော်ပြပြီး အိတ်ဖွင့်တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁) လကြိုတင်၍ နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး (၂) ကြိမ် သိသာထင်ရှားစွာ ကြော်ငြာ၍ တင်ဒါခေါ်ယူနိုင်ရေးနှင့် ဝန်ကြီးဌာန Website တွင် အနည်းဆုံး (၁) လ ကြိုတင်ကြော်ငြာနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဃ) ဝယ်ယူလိုသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် နိုင်ငံအတွင်း ရောင်းချခွင့်ပြုထားသည့် တရားဝင်ကိုယ်စားလှယ်မရှိပါက နိုင်ငံခြားငွေဖြင့် နိုင်ငံတကာယှဉ်ပြိုင်တင်ဒါခေါ်ယူ၍ ဝယ်ယူရေး၊ ငွေပေးချေရာတွင်လည်း သတ်မှတ်နိုင်ငံခြားငွေဖြင့် ပေးချေခြင်း၊

( င ) ဆောင်ရွက်မည့် စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

( စ ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့် တင်ဒါပုံစံများ၊ စာချုပ်ပုံစံများသတ်မှတ်ခြင်း၊

(ဆ) ဝယ်ယူမည့် ပစ္စည်းများအတွက် အရည်အသွေး၊ စံချိန်စံညွှန်း သတ်မှတ်ပေးခြင်း၊

( ဇ ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကြန်ထရိုက်စာချုပ်ပါအချက်များ အကဲဖြတ်မှု စံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်များ (ကန်ထရိုက်ဆိုင်ရာအချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန် စသည်များ) သတ်မှတ်ခြင်း၊

(ဈ) တင်ဒါသွင်းရမည့် အချိန်နှင့် နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့်အချိန်၊ နေရာနှင့် တင်ဒါအောင်မြင်သူစာရင်းထုတ်ပြန်မည့် နေ့ရက်သတ်မှတ်ခြင်း၊

(ည) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူများထံမှ လုပ်ငန်းအာမခံကြေး တောင်းခံခြင်း၊

(ဋ) တင်ဒါအောင်မြင်သူအား ကြေညာခြင်း၊

(ဌ) နမူနာတောင်းခံရန်လိုအပ်သည့် ပစ္စည်းများ ဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများလက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(ဍ) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီနှင့် အရည်အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီတို့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း။

၃။ ယခင်ဖွဲ့စည်းခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၁၁၀/၂၀၂၁ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နယ်စပ်ရေးရာဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၂၀ ရက်)

### နယ်စပ်ရေးရာဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) ဖွဲ့စည်းခြင်း

၁။ အဂတိဖြစ်စေနိုင်သည့်နေရာများကို စစ်ဆေးဖော်ထုတ်ခြင်း၊ အဂတိလိုက်စားမှုဖြစ်ပေါ်လာသည့် ပြဿနာများကို ဖြေရှင်းခြင်း၊ အဂတိဖြစ်စေနိုင်သည့် နေရာများတွင် မဖြစ်အောင်တားဆီးကာကွယ်ခြင်းတို့ ဆောင်ရွက်နိုင်ရန်အတွက် **နယ်စပ်ရေးရာဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU)** အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

(က) ဦးသိန်းဌေးဦး — ဥက္ကဋ္ဌ
အမြဲတမ်းအတွင်းဝန်
နယ်စပ်ရေးရာဝန်ကြီးဌာန

(ခ) ဦးစိုင်းထွန်းညို — ဒုတိယဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(ဂ) ဦးအောင်ဆန်းဦး — အဖွဲ့ဝင်
ဒုတိယအမြဲတမ်းအတွင်းဝန်
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဃ) ဦးခင်မောင်ကြည် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(င) ဦးတင်မောင်မြင့် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

(စ) ဦးအောင်မျိုး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

(ဆ) ဦးသိန်းငွေး — အဖွဲ့ဝင်
လက်ထောက်အတွင်းဝန်
ဝန်ကြီးရုံး

(ဇ) ဦးလှသိန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(ဈ) ဦးကျော်ကျော်ဇော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

(ည) ဦးကျော်မင်း — အတွင်းရေးမှူး
လက်ထောက်အတွင်းဝန်
ဝန်ကြီးရုံး

၂။ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဌာနအလိုက် လာဘ်ပေးလာဘ်ယူမှုများနှင့်သက်ဆိုင်သော အဂတိလိုက်စားမှုပြဿနာများ ဖော်ထုတ်နိုင်ရန်အတွက် အောက်ပါတို့ကို ဆောင်ရွက်ရန်–

(၁) တိုင်ကြားမှုယန္တရား ထူထောင်ခြင်း၊

(၂) စောင့်ကြပ်စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(၃) စစ်တမ်းကောက်ယူခြင်း။

(ခ) တွေ့ရှိလာသော ပြဿနာများကို ဥပဒေနှင့်အညီဖြေရှင်းရန်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေအရ စုံစမ်းစစ်ဆေးခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ လွှဲပြောင်းပေးခြင်းတို့ကို ဆောင်ရွက်ရန်၊

(ဂ) အဂတိလိုက်စားမှု ဆက်လက်မဖြစ်စေရေးအတွက် တားမြစ်ထိန်းချုပ်သွားနိုင်ရန်အတွက် အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်းနှင့် စစ်တမ်းတွေ့ရှိချက်၊ ဆန်းစစ်လေ့လာချက်အပေါ်မူတည်၍ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် တားဆီးကာကွယ်ရေးစီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ဃ) အဖွဲ့၏ လုပ်ငန်းတာဝန်များကို အောက်ခြေအထိ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဦးစီးဌာနအလိုက် အထောက်အကူပြု အဖွဲ့ငယ်များ ထပ်မံဖွဲ့စည်းပေးရန်၊

(င) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ်ရုံး၊ တက္ကသိုလ်၊ ကောလိပ်နှင့် ကျောင်းများသို့ အဖွဲ့ငယ်များစေလွှတ်၍ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ သင်ကြားပို့ချခြင်းစသည်ဖြင့် အသိပညာပေး ဖြန့်ဝေဆောင်ရွက်ရန်၊

(စ) ဝန်ကြီးဌာန၏ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ဖွင့်လှစ်သောသင်တန်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးကို ဘာသာရပ် ၁ ခုအဖြစ် သင်တန်းချိန်ထည့်သွင်း၍ သင်ကြားပို့ချနိုင်ရေး ဆောင်ရွက်ရန်၊

(ဆ) အဖွဲ့၏ ဆောင်ရွက်ချက်များကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သို့ လစဉ်တင်ပြ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ အစီရင်ခံစာပေးပို့တင်ပြရန်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ မိတ္တူပေးရန်၊

(ဇ) ဦးစီးဌာနများအလိုက် တည်မြဲလုပ်ထုံးလုပ်နည်း (SOP) များ ရေးဆွဲပြီး ပြည်သူလူထုသိသင့်သည့် အပြင် ဝန်ဆောင်မှုရယူသော ပြည်သူများနှင့် တိုက်ရိုက်သက်ဆိုင်နေသောအချက်များကို လက်အောက်ခံရုံး၊ တက္ကသိုလ်၊ ကောလိပ်နှင့် ကျောင်းများတွင် ပွင့်လင်းမြင်သာစွာ ချပြသွားရန်၊

(ဈ) အဂတိလိုက်စားမှုဘေးအန္တရာယ်ဖြစ်နိုင်ခြေရှိသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များ ပြုပြင်ပြောင်းလဲရေးအတွက် လိုအပ်သည်များ တင်ပြဆောင်ရွက်ရန်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၁ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အုပ်ချုပ်မှုရုံး၏ ၂၀၂၁ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၂/၄၁၄-ခန့်အပ်/နစအ (၂၀၂၁) ဖြင့် ကာကွယ်ရေးဝန်ကြီးဌာနမှ နယ်စပ်ရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်း တာဝန်ထမ်းဆောင်ခွင့်ပြုထားသော ကြည်း ၂၇၄၀၈၊ ဗိုလ်မှူးကြီး အောင်သိုက်ထွန်း အား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ မေလ ၂၀ ရက်စွဲပါ စာအမှတ်၊ ၁၀၅(၁)/၈/ကောင်စီ (၂၀၂၁) အရ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) ပါမောက္ခချုပ်၊ လစာနှုန်း ၅၅၀,၀၀၀/- ရာထူးနေရာတွင် တာဝန်ဝတ္တရား များကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၆၂/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၅ ရက်)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်ခင်ယမုန်အောင် အား ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက် ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ တာဝန် ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၁၀ ရက်)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါ်အိအိခိုင် အား ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၁)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ လုပ်ငန်းများမှန်ကန်ပြီး မြန်ဆန်စွာဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၁) |
| ( ဂ ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၂) |
| (ဃ) | ညွှန်ကြားရေးမှူး<br>လုံခြုံရေးနှင့်ဆိုင်သောပုံနှိပ်လုပ်ငန်းများညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| ( င ) | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( စ ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့ | အဖွဲ့ဝင် |
| (ည) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| ( ဋ ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | အဖွဲ့ဝင် |

(ဌ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်

(ဍ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

(ဎ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့အာမခံလုပ်ငန်း

(ဏ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ငွေတိုက်ဦးစီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန

(ဓ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

(န) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပင်စင်ဦးစီးဌာန

(ပ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး

(ဖ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဗ) ဒုတိယအမြဲတမ်းအတွင်းဝန် — တွဲဖက်အတွင်းရေးမှူး(၁)
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဘ) ဒုတိယအမြဲတမ်းအတွင်းဝန် — တွဲဖက်အတွင်းရေးမှူး(၂)
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

၂။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မိမိဝန်ကြီးဌာနအောက်ရှိ ဌာန၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အစိုးရအဖွဲ့များနှင့် ဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့်ညီညွတ်စွာ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များကို ညွှန်ကြားရန်၊

(ခ) ကော်မတီသည် မိမိဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိကျစွာ သတ်မှတ်ပေးရန်နှင့် နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုအဖွဲ့အစည်းများတွင် တာဝန်ခံဆောင်ရွက်ရသည့် ပုဂ္ဂိုလ်များအား လုပ်ငန်းအရ တာဝန်ရှိမှု၊ တာဝန်ခံမှုတို့ကို စနစ်တကျ သတ်မှတ်၍ တိကျသောလုပ်ပိုင်ခွင့်များ သတ်မှတ်ဆောင်ရွက်စေရန်၊

(ဂ) ကော်မတီသည် နိုင်ငံတော်၏စီမံကိန်းများအရ အကောင်အထည်ဖော်ရမည့်လုပ်ငန်းများနှင့် အခြားဌာနဆိုင်ရာလုပ်ငန်းများကိုထိရောက်အောင်မြင်စွာနှင့် လျင်မြန်သွက်လက်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းများကို လုပ်ငန်းသဘာဝနှင့်လျော်ညီစွာ စီမံခန့်ခွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများကို စနစ်တကျဆောင်ရွက်သွားရန်၊

(ဃ) ဝန်ကြီးဌာန စီမံကိန်းလျာထားချက်များနှင့် ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရန် အဆိုပြုချက်များကို ကော်မတီသို့ ဦးစွာတင်ပြစေ၍ အသေးစိတ်စိစစ်မှုနှင့် ဆန်းစစ်မှုများပြုလုပ်သွားရန်၊

(င) ရသုံးမှန်းခြေငွေစာရင်း ခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုရှိစေရေးအတွက် စိစစ်ကြပ်မတ်ရန်၊

(စ) မိမိဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်စိစစ်၍ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊

(ဆ) မိမိဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့်ပတ်သက်သောကိစ္စရပ်များ၊ အရာထမ်းများအား ရာထူးတိုးမြှင့်ခြင်းဆိုင်ရာကိစ္စရပ်များ၊ အပြစ်ပေးအရေးယူခြင်းဆိုင်ရာကိစ္စရပ်များကို ကော်မတီသို့တင်ပြ၍ စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန်၊

(ဇ) နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းတစ်ခုနှင့်တစ်ခု ညီညွတ်စွာဆောင်ရွက်နိုင်ရေး၊ စီးပွားရေးလုပ်ငန်းတစ်ခုအတွင်း အစိတ်အပိုင်းတစ်ခုနှင့်တစ်ခုအကြား ညီညွတ်မှုရှိစေရေး၊ ဝန်ဆောင်မှုတိုးတက်စေရေး၊ စီးပွားရေးလုပ်ငန်းများကို စီးပွားရေးဆန်ဆန် ထိရောက်စွာစီမံခန့်ခွဲရေး၊ လုပ်ငန်းစွမ်းဆောင်ရည်ကျဆင်းမှု၊ လေလွင့်ဆုံးရှုံးမှုများကို ထိရောက်စွာ ထိန်းချုပ်ရေးတို့အတွက် ကော်မတီမှလေ့လာသုံးသပ်၍ နည်းလမ်းများရှာကြံကာ ပြုပြင်သင့်သည်များကို ပြုပြင်ဆောင်ရွက်သွားရန်၊

(ဈ) နိုင်ငံခြားတိုင်းပြည်နှင့် ဆက်သွယ်ဆောင်ရွက်ရသောကိစ္စရပ်များ နိုင်ငံခြားငွေသုံးစွဲမှုနှင့်အကျုံးဝင်သောကိစ္စရပ်များ၊ ပြည်ပပို့ကုန်၊ သွင်းကုန်နှင့်သက်ဆိုင်သော ကိစ္စရပ်များ၊ တင်ဒါရွေးချယ်ရေးကိစ္စရပ်များ၊ လေလံတင်ရောင်းချရေးကိစ္စရပ်များကို ကော်မတီသို့တင်ပြစေရန် ကော်မတီက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ကြပ်မတ်ရန်။

၃။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးကို လအလိုက် မပျက်မကွက်ကျင်းပမည်ဖြစ်ပြီး အထက်အပိုဒ် (၂) ပါ လုပ်ငန်းဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရှိ ဌာနအဖွဲ့အစည်းများက စီမံခန့်ခွဲရေးကော်မတီသို့ အမှာစာများတင်ပြရန်ဖြစ်ပါသည်။

၄။ ယခင်ထုတ်ပြန်ခဲ့သည့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၉/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၈/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၀ ရက်)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးမြင့်-၂ အား အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၉/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၄ ရက်)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါ်သီတာဦး အား ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ မေလ ၂၄ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၁၈/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၇ ရက်)

၂၀၂၁ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၁) အစည်းအဝေး၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုဝန်ကြီးရုံးမှ အောက်ဖော်ပြပါ ဦးစီးမှူး၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) (၁) ဦး၊ ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၄) ဦး၊ ကွန်ပျူတာလုပ်ဆောင်ရေးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၂) ဦး၊ စာရင်းကိုင်-၂၊ လစာနှုန်း(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၁) ဦး စုစုပေါင်း (၈) ဦးတို့အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၁ ခုနှစ်၊ မေလ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

(၁) ဒေါ်ဇင်မာအေး

(၂) ဦးဇော်မျိုးသန်း

(၃) ဒေါ်ဇင်မာထွန်း

(၄) ဒေါ်တင်မိုးခိုင်

(၅) ဒေါ်ထိုက်ထိုက်စံ

(၆) ဦးသက်နိုင်စိုး

(၇) ဒေါ်မေသက်ကြီန်

(၈) ဒေါ်လဲ့ဝါရှိန်

ဝင်းရှိန်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၀ ရက်)

၂၀၂၁ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၂၁) ၏ သဘောတူခွင့်ပြုချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး

ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဦးအောင်ထွေး အား ပညာအရည်အချင်းသတ်မှတ်ချက်ကို လျှော့ပေါ့၍ အထူးကိစ္စရပ်အနေဖြင့် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ မေလ ၂၀ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထား လိုက်သည်။

အောင်နိုင်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၃၁ ရက်)

အမှတ် ၁၄၆။ ၂၀၂၁ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၁) ၏ သဘောတူညီချက်အရ အောက်ဖော်ပြပါ ဘင်္ဂါလီဘာသာစကားတတ်ကျွမ်းသူ (၉) ဦးကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မေယု FM အစီအစဉ်တွင် အထူးကိစ္စတစ်ရပ်အနေဖြင့် ၂၀၂၁ ခုနှစ်၊ မေလ ၂၀ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မေလ ၁၉ ရက်နေ့အထိ ကျွမ်းကျင်သူများအဖြစ် လစဉ်ထောက်ပံ့ငွေ (၂၇၅,၀၀၀/-) ဖြင့် တစ်နှစ် ဆက်လက်ခန့်ထားလိုက်သည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ခန့်ထားသည့်အကြိမ် |
|---|---|---|---|
| (က) | ဦးဘစိုးမောင် | ၁၁/မတန (နိုင်) ၀၁၅၅၄၀ | ပဉ္စမအကြိမ် |
| ( ခ ) | ဦးသာထွန်းအောင် | ၁၁/မတန (နိုင်) ၀၂၃၅၃၂ | ပဉ္စမအကြိမ် |
| ( ဂ ) | ဦးအေးသန်း | ၁၁/မတန (နိုင်) ၀၂၃၄၁၂ | ပဉ္စမအကြိမ် |
| (ဃ) | ဦးအောင်လှထွန်း | ၁၁/ဘသတ (နိုင်) ၀၃၀၇၈၈ | ပဉ္စမအကြိမ် |
| ( င ) | ဦးလှမောင်သာ | ၁၁/တပဝ (နိုင်) ၀၀၁၁၁၂ | ပဉ္စမအကြိမ် |
| ( စ ) | ဦးခင်မောင်အေး | ၁၁/မတန (နိုင်) ၀၂၆၆၄၆ | ပဉ္စမအကြိမ် |
| (ဆ) | ဦးထွန်းခိုင်ကျော် | ၁၁/ဘသတ (နိုင်) ၀၄၅၇၀၀ | ပဉ္စမအကြိမ် |
| ( ဇ ) | ဦးမြတ်ကျော် | ၁၁/မတန (နိုင်) ၀၂၂၇၈၇ | ပဉ္စမအကြိမ် |
| (ဈ) | ဦးစိုးသန်း | ၁၁/မဥန (နိုင်) ၁၅၆၁၄၂ | စတုတ္ထအကြိမ် |

ချစ်နိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၈/ ၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၄ ရက်)

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(သာသနာရေး)၊ စီမံခန့်ခွဲရေးရာကော်မတီ ဖွဲ့စည်းခြင်း**

၁။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး) ၏ လုပ်ငန်းများ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး)၊ စီမံခန့်ခွဲရေးရာကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( င ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ဆ ) | ဒုတိယပါမောက္ခချုပ် (စီမံ)<br>အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် | အဖွဲ့ဝင် |
| ( ဇ ) | ညွှန်ကြားရေးမှူး(အုပ်ချုပ်ရေး)<br>ဝန်ကြီးရုံး(သာသနာရေး) | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး (မူဝါဒ)<br>ဝန်ကြီးရုံး(သာသနာရေး) | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူး (ပြည်တွင်း/ပြည်ပ)<br>ဝန်ကြီးရုံး(သာသနာရေး) | အဖွဲ့ဝင် |
| ( ဋ ) | ညွှန်ကြားရေးမှူး(စီမံ)<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ဌ ) | ညွှန်ကြားရေးမှူး(ဦးစီး)<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန | အဖွဲ့ဝင် |

(ဍ) ဌာနမှူး (စီမံ/ဘဏ္ဍာ) အဖွဲ့ဝင်
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

(ဎ) ဒုတိယအမြဲတမ်းအတွင်းဝန် တွဲဖက်အတွင်းရေးမှူး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး)

(ဏ) အမြဲတမ်းအတွင်းဝန်/ တာဝန်ခံညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

၂။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး)၊ စီမံခန့်ခွဲရေးရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတော်အကြီးအကဲများ၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ညွှန်ကြားချက်များ၊ နိုင်ငံတော်အဆင့်ဖွဲ့စည်းထားသည့် ဗဟိုကော်မတီ၊ ဦးစီးကော်မတီအသီးသီး၏ ညွှန်ကြားချက်များ၊ နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်များမှညွှန်ကြားချက်များအရ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ နိုင်ငံတော်အကြီးအကဲများမှ တာဝန်ပေးအပ်ထားသည့် အထူးစီမံကိန်းဆိုင်ရာလုပ်ငန်းများ၊ မမျှော်လင့်ထားသော သဘာဝဘေးအန္တရာယ်များကျရောက်ပါက မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်၊

(ခ) ဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် တက္ကသိုလ်တို့၏ ဖွဲ့စည်းပုံတိုးချဲ့ခြင်း၊ ဝန်ထမ်းများခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်း၊ အပြစ်ပေးအရေးယူခြင်း စသည့်ကိစ္စရပ်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်အသီးသီးမှ သင်တန်းသားဆုရရှိခြင်းကိစ္စ၊ စည်းကမ်းပိုင်းဆိုင်ရာ ညွှန်ကြားချက်ထုတ်ပြန်ခြင်းကိစ္စနှင့် သက်သာချောင်ချိရေးဆိုင်ရာလုပ်ငန်းများကို ကော်မတီသို့တင်ပြစေ၍ စနစ်တကျကြီးကြပ်ဆောင်ရွက်ရန်၊

(ဂ) နိုင်ငံတော်ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာလုပ်ငန်းများ၊ ရသုံးမှန်းခြေငွေစာရင်းခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများ၊ ဝန်ကြီးဌာနရန်ပုံငွေမှ သုံးစွဲဆောင်ရွက်ရမည့်လုပ်ငန်းရပ်များ၊ မူလခွင့်ပြုငွေ/ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရေးကြပ်မတ်ရန်၊

(ဃ) ပြည်ပနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်ရသော ကိစ္စရပ်များ၊ နိုင်ငံခြားငွေသုံးစွဲမှုနှင့်အကျုံးဝင်သော ကိစ္စရပ်များ၊ လေလံတင်ရောင်းချသောကိစ္စရပ်များ၊ တင်ဒါခေါ်ယူဆောင်ရွက်ပြီးစီးမှုကိစ္စရပ်များကို ကော်မတီသို့တင်ပြစေ၍ ကော်မတီမှ ဥပဒေလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရေးစိစစ်ကြပ်မတ်ရန်၊

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီတို့မှ ညှိနှိုင်းလာသောဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ ဘာသာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်သွားရန်၊

(စ) အုပ်ချုပ်မှုကိစ္စရပ်များအား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်ရေး ကြီးကြပ်ဆောင်ရွက်ရန်။

၃။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး) ၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၈/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဦးကိုကို
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁/ ၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် ကရင်ပြည်နယ်၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ စာအမှတ်၊ ၂၀၀/၇-၂/ ဦး ၆ (၂၆၉၉) ပါ ညှိနှိုင်းချက်အပေါ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ စာအမှတ်၊ ၀၂၀/၆၆၉-မြေတိုင်း/အဖရ (၂၀၁၉) ပါ အတည်ပြုချက်နှင့် ၂၀၁၉ ခုနှစ်၊ **နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေအခန်း (၄)၊ ပုဒ်မ (၇)၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်တို့အရ** ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ် (၉) ရပ်ကွက်ရှိ အကွက်ပေါင်း (၁၈) ကွက်၊ မြေဧရိယာ (၄၉၇) ဧက၊ လှိုင်းဘွဲ့မြို့နယ်အကွက်အမှတ် (၇)၊ မြေဧရိယာ (၃၅) ဧကနှင့် သံတောင်ကြီးမြို့နယ်၊ ရွာကြီးကျေးရွာအုပ်စု၊ သူဌေးကုန်းရွာသစ်၊ အကွက်အမှတ် (၁)၊ မြေဧရိယာ (၂၇.၅၁) ဧကတို့အား မြို့မြေတိုင်းတာခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေး ခန့်အပ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂/ ၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၆ ရက်)

**မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မျိုးစေ့ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ **မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ** အား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ခ) အမြဲတမ်းအတွင်းဝန် — ဒုတိယဥက္ကဋ္ဌ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စီမံကိန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စက်မှုလယ်ယာဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ည) ပါမောက္ခချုပ် — အဖွဲ့ဝင်
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စိုက်ပျိုးရေးသုတေသနဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စက်မှု၊ နည်းပညာမြင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ထ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
မျိုးစေ့ဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ **မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) မျိုးသန့်မျိုးစေ့ကိုအသုံးပြု၍ သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် မျိုးစေ့ဆိုင်ရာမူဝါဒကို ချမှတ်ခြင်း၊

(ခ) စီးပွားရေးအလို့ငှာ ဖြန့်ဖြူးခြင်းဟုမှတ်ယူနိုင်ရန် သတ်မှတ်ကာလအတွင်း ဖြန့်ဖြူးသည့် မျိုးစေ့အလေးချိန်နှင့် ပမာဏကို သတ်မှတ်ခြင်း၊

(ဂ) အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂလိကများ၏ မျိုးစေ့သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံအချင်းချင်း သဘောတူညီချက်အရ သုတေသနပြုလုပ်နိုင်ရန် လိုအပ်သော မျိုးစေ့များကို ပေးပို့ခြင်းနှင့် လက်ခံခြင်း၊

(င) သင့်လျော်သော ကျွမ်းကျင်သူများပါဝင်သည့် မျိုးစေ့အရည်အသွေး စစ်ဆေးရေးအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းရန် ဝန်ကြီးဌာနလက်အောက်ရှိ သက်ဆိုင်ရာဌာန၊ လုပ်ငန်းများအား တာဝန်ပေးအပ်ခြင်း၊

(စ) မျိုးစေ့လုပ်ငန်းနှင့်စပ်လျဉ်း၍ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပမှ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) မျိုးစေ့ထုပ်ပိုးထားသော သို့မဟုတ် ထည့်သွင်းထားသောပစ္စည်းပေါ်တွင် ဖော်ပြရမည့်အချက်များကို အခါအားလျော်စွာ သတ်မှတ်ခြင်း၊

(ဇ) ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဈ) မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ည) မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းခြင်း၊

(ဋ) မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီကို အထောက်အကူပြုနိုင်ရန် လိုအပ်သော ကော်မတီခွဲများကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း။

၃။ အထက်ဖော်ပြပါ ပြင်ဆင်ဖွဲ့စည်းလိုက်သည့် **မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ** အနေဖြင့် မျိုးစေ့ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၄။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၃ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (ဃ) (၁) (၁၈၁၄/၂၀၁၇) (လဆ) အား ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၁)
## မြေသြဇာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မြေသြဇာဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၄၈၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **မြေသြဇာကော်မတီ** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

| | | |
|---|---|---|
| (ခ) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>သမဝါယမဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (ဌ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ)<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူး၊ မြေအသုံးချရေးဌာနခွဲ<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။　အထက်ဖော်ပြပါ ဖွဲ့စည်းလိုက်သည့် "မြေသြဇာကော်မတီ" အနေဖြင့် မြေသြဇာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ပါသည်။

၃။　စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်စွဲပါ စာအမှတ် ၁/၁၉၀ (က) (၁) (၂၉၉၇/၂၀၁၉) (လဆ) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၁)

## ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။　စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ပိုးသတ်ဆေးဥပဒေပုဒ်မ (၃)၊ ပုဒ်မခွဲ (ခ) အရ **ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ည) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

( ဋ ) ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ) အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

( ဌ ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

( ဍ ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

( ဎ ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
သီးနှံကာကွယ်ရေးဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ အထက်ဖော်ပြပါ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သည် ပိုးသတ်ဆေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ပါသည်။

၃။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ (၁၇.၂.၂၀၁၇) ရက်စွဲပါ စာအမှတ် ၁/၁၉၀ (က) (၁) (၇၅၃/၂၀၁၇) နှင့် (၄.၁၀.၂၀၁၈) ရက်စွဲပါ စာအမှတ် ၁/၁၉၀ (က) (၁) (၂၅၄၆/၂၀၁၇) အား ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၂ ရက်)

**သက်ပြည့်အငြိမ်းစား ယူခွင့်ပြုခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန (ရုံးချုပ်)၊ မြေယာအသုံးချမှုနှင့် စစ်ဆေးရေးဌာနခွဲမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး ဦးအောင်ဆွေ အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့အထိ ခံစားခွင့်ပြုပြီး အသက် (၆၀) ပြည့်သည့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ ၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၃/ ၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၄ ရက်)

**အမျိုးသား အပင်မျိုးသစ် အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေ အခန်း (၃)၊ ပုဒ်မ (၄) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **အမျိုးသား အပင်မျိုးသစ် အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီ** အား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ညွှန်ကြားရေးမှူးချုပ်<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပါမောက္ခချုပ်<br>ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဈ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ဌ) အပင်မျိုးမွေးမြူခြင်းဆိုင်ရာ ပြင်ပကျွမ်းကျင်ပညာရှင်တစ်ဦး — အဖွဲ့ဝင်

(ဍ) မျိုးစေ့လုပ်ငန်းဆိုင်ရာ ပြင်ပကျွမ်းကျင်ပညာရှင်တစ်ဦး — အဖွဲ့ဝင်

(ဎ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
စိုက်ပျိုးရေးသုတေသနဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဏ) ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ) — တွဲဖက်အတွင်းရေးမှူး
စိုက်ပျိုးရေးသုတေသနဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ အထက်ဖော်ပြပါ ဖွဲ့စည်းလိုက်သည့် **အမျိုးသား အပင်မျိုးသစ် အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီ** အနေဖြင့် အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၃။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (က) (၁) (၂၇၂/၂၀၁၈) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

တင်ထွဋ်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၀၇/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၁၃ ရက်)

၂၀၂၁ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၂၁) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး

ညွှန်ကြားမှုဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)၊ ဒုတိယဦးစီးမှူး (၄) ဦးတို့ကို လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဦးစီးအရာရှိ ရာထူးနေရာများသို့ ၂၀၂၁ ခုနှစ်၊ မေလ ၁၂ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် |
|---|---|
| (က) | ဒေါ်တင်တင်ဝင်း |
| (ခ) | ဒေါ်သဉ္ဇာအောင် |
| (ဂ) | ဦးမင်းသန့်ဇင် |
| (ဃ) | ဦးသိန်းအေးထွန်း |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၀၈/၂၀၂၁)**

၂၀၂၁ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စု ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၂၁) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ လစာနှုန်း (၂၁၆,၀၀၀- ၂,၀၀၀-၂၂၆,၀၀၀)၊ စက်မှုကျွမ်းကျင် - ၂၊ ဦးအေးကို (၂) အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀- ၄,၀၀၀-၂၉၅,၀၀၀)၊ လက်ထောက်အင်ဂျင်နီယာ (စက်မှု) ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ မေလ ၁၂ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၁၅/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၇ ရက်)

၂၀၂၁ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊ ရုံးချုပ်မှ လစာနှုန်း (၃၄၁,၀၀၀- ၄,၀၀၀-၃၆၁,၀၀၀)၊ လက်ထောက်အထွေထွေမန်နေဂျာ (မှူထမ်းနှင့် ပစ္စည်း) ဦးသက်စိုး အား စီးပွားရေးဌာနတွင် လစ်လပ်လာမည့် လစာနှုန်း (၃၇၄,၀၀၀- ၄,၀၀၀-၃၉၄,၀၀၀)၊ ဒုတိယ အထွေထွေမန်နေဂျာ (ခရီးသည်) ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ မေလ ၁၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့် ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၁၆/၂၀၂၁)**

၂၀၂၁ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊ စီမံကိန်းနှင့် အုပ်ချုပ်ရေးဌာနမှ လစာနှုန်း (၃၄၁,၀၀၀- ၄,၀၀၀-၃၆၁,၀၀၀)၊ လက်ထောက်အထွေထွေမန်နေဂျာ (တိုင်း) ဦးစိုးမိုးအောင် အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀- ၄,၀၀၀-၃၉၄,၀၀၀)၊ ဒုတိယအထွေထွေမန်နေဂျာ (အုပ်ချုပ်ရေး) ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ မေလ ၁၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၃၁/၂၀၂၁)

၁။ ၂၀၂၁ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊ သွားလာပို့ဆောင်ရေးဌာနမှ လစာနှုန်း (၄၁၈,၀၀၀- ၄,၀၀၀-၄၃၈,၀၀၀)၊ အထွေထွေမန်နေဂျာ (သွားလာပို့ဆောင်ရေး) ဦးအောင်မြင့်လှိုင် အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ (၈၁) ပါ ပြဋ္ဌာန်းချက်အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ကို ၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့မှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၅၆) ပုဒ်မခွဲ (က)၊ ပုဒ်မ (၅၇) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## ညွှန်ကြားချက်အမှတ် (၁/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၄ ရက်)

### တရားဝင်ခွင့်ပြုချက်မရှိဘဲ ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်များ လက်ဝယ်ထားရှိခြင်းကိစ္စ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက် လက်ဝယ်ထားရှိသူများအား လိုက်နာဆောင်ရွက်ရေးအတွက် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၈ နှင့် ပုဒ်မ ၄၅ ပုဒ်မခွဲ (ဂ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်-

၁။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၈ အရ ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက် လက်ဝယ်ထားရှိလိုသူသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်များ ပြည်ပမှတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ လိုင်စင်ထုတ်ပေးခြင်း၊ လိုင်စင်ခနှင့် လိုင်စင်စည်းကမ်းများ သတ်မှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ အခါအားလျော်စွာ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။

၂။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်ဆိုင်ရာ အမိန့်အမှတ် (၁/၁၉၉၃) အရ ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်များနှင့်စပ်လျဉ်း၍ လက်ဝယ်ထားရှိခွင့် လိုင်စင်များအား ထုတ်ပေးခဲ့ပါသည်။ သို့ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၄) ၏ ဆုံးဖြတ်ချက်အရ လိုင်စင်ကိစ္စများ ရပ်ဆိုင်းပြီးဖြစ်ပါသဖြင့် လက်ရှိအသုံးပြုနေသည့် ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်များအနက် ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ခွင့်ပြုထားသော အဖွဲ့အစည်းများ၏ ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်များမှလွဲ၍ မှတ်ပုံတင်ထားခြင်း၊ လိုင်စင်ရယူထားခြင်းမရှိသော ပစ္စည်းများသည် လက်ဝယ်ထားရှိခွင့်မရှိသော တရားမဝင် ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်များဖြစ်ပါသည်။

၃။ အဆိုပါ တရားမဝင် ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက် လက်ဝယ်ထားရှိသူများသည် ဤညွှန်ကြားချက် ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မြို့နယ် သို့မဟုတ် ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ အပ်နှံရမည်။

၄။ ဤညွှန်ကြားချက်ပါ သတ်မှတ်ထားသည့်ရက်အတွင်း အပ်နှံရန်ပျက်ကွက်ပြီး လက်ဝယ်ထားရှိခွင့်မရှိသော တရားမဝင် ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်များကို လက်ဝယ်ဆက်လက်ထားရှိပါက ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေပုဒ်မ ၃၆ အရ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။

ဗိုလ်ချုပ်ကြီး တင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂ ရက်)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၇၂,၇၈၈) ဧကရှိသော နယ်မြေကို ''နားကော်ကြိုးပြင်ကာကွယ်တော'' အဖြစ် ၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက် (၂၀၂၁ ခုနှစ်၊ ဧပြီလ ၂ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက်။ ခန့်မှန်းမြေပုံညွှန်း (21.11188˚ N, 99.31557˚ E) နမ့်ဆင်ချောင်းနှင့် နမ့်အင်းချောင်းဆုံရာ မိုင်းပျဉ်း-ကျိုင်းတုံမြို့နယ် နယ်နိမိတ်မှအစပြု၍ အရှေ့ဘက်သို့ နမ့်အင်းချောင်းအတိုင်း ၅ မိုင် ၃ ဖာလုံခန့်လာရာ ဝမ်ဖျက်ရွာ၏ အရှေ့ဘက်ရှိ မြောက်ဘက် ပန်ကြူကြိုးပြင်ကာကွယ်တောအတွင်းမှ စီးဝင်သောချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (21.11932˚ N, 99.37205˚E) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ပန်ကြူကြိုးပြင်ကာကွယ်တော၏ တောင်ဘက်နယ်နိမိတ်တစ်လျှောက် ချောင်းအတိုင်း ၁ မိုင် ၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (21.10166˚ N, 99.38791˚ E) အထိ၊ ထိုမှ အရှေ့မြောက်ယွန်းယွန်းသို့ ပန်ကြူကြိုးပြင်ကာကွယ်တော နယ်နိမိတ်ချောင်းအတိုင်း ၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (21.10591˚N, 99.39986˚E) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ပန်ကြူကြိုးပြင်ကာကွယ်တော နယ်နိမိတ် နန့်အင်းချောင်းအတိုင်း ၃ မိုင် ၅ ဖာလုံခန့်လာရာ နမ့်အင်းချောင်း၏ ဘယ်ဘက် ပန်ကြူကြိုးပြင်ကာကွယ်တောအတွင်းမှစီးဝင်သည့် ချောင်းလက်တက်ဖြစ်သော နမ့်တုံချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (21.07827˚ N, 99.44451˚ E) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ပန်ကြူကြိုးပြင်ကာကွယ်တော နယ်နိမိတ်ချောင်းအတိုင်း ၁ မိုင် ၆ ဖာလုံခန့်လာရာ နမ့်အင်းချောင်း၏ ဘယ်ညာချောင်းလက်တက်များနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (21.05828˚ N, 99.47263˚ E) အထိ၊

အရှေ့ဘက်။ ထိုမှ အရှေ့တောင်ဘက်သို့ နမ့်အင်းချောင်းအတိုင်း ၁ မိုင် ၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (21.04111˙ N, 99.48842˙ E) အထိ၊ ထိုမှ တောင်ဘက်စူးစူးသို့ နမ့်ဩချောင်းအတိုင်း ၂ မိုင် ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (21.01249˙ N, 99.48706˙ E) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ချောင်းဖျားမှတစ်ဆင့် တောင်ကြောအတိုင်း ၂ မိုင် ၇ ဖာလုံကျော် ခန့်လာရာ ကျိုင်းတုံ–မိုင်းဆတ်လမ်းပေါ်ရှိ နားကော်ရွာအနောက်ဘက် တစ်မိုင်ခန့်အကွာ ခန့်မှန်းမြေပုံညွှန်း (20.99622˙ N, 99.45501˙ E) အထိ၊ ထိုမှ အနောက်တောင်ယွန်းယွန်းသို့ တောင်ကြောအတိုင်း ၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (20.98673˙ N, 99.45301˙ E) အထိ၊

တောင်ဘက်။ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ တောင်ကြောအတိုင်း ၁ မိုင် ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (20.99019˙ N, 99.43794˙ E) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၁ မိုင် ၁ ဖာလုံခန့်လာရာ ကျိုင်းတုံ–မိုင်းဆတ်မြို့နယ် နယ်နိမိတ်ဖြစ်သော နမ့်ယမ်ချောင်းဖျား ခန့်မှန်းမြေပုံညွှန်း (20.98371˙ N, 99.43784˙ E) အထိ၊ ထိုမှ ကျိုင်းတုံ–မိုင်းဆတ်မြို့နယ် နယ်နိမိတ်ဖြစ်သော နမ့်ယမ်ချောင်းအတိုင်း အနောက်ဘက်သို့ ၄ မိုင် ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (20.98583˙ N, 99.37391˙ E) အထိ၊ ထိုမှ အနောက်တောင်ယွန်းယွန်းသို့ မြို့နယ်နယ်နိမိတ်တစ်လျှောက် ချောင်းအတိုင်း ၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (20.96904˙ N, 99.35514˙ E) အထိ၊ ထိုမှ အနောက်ဘက်သို့ မြို့နယ်နယ်နိမိတ်ချောင်းအတိုင်း ၂ မိုင် ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (20.96341˙ N, 99.32412˙ E) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ မြို့နယ်နယ်နိမိတ်ချောင်းအတိုင်း ၂ မိုင် ၇ ဖာလုံခန့်လာရာ နမ့်ယမ်ချောင်းနှင့် နမ့်ဆုယမ်ချောင်းဆုံရာနေရာ ခန့်မှန်းမြေပုံညွှန်း (20.97379˙ N, 99.29323˙ E) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ မြို့နယ်နယ်နိမိတ် နမ့်ဆုယမ်ချောင်းအတိုင်း ၂ မိုင် ၇ ဖာလုံခန့်လာရာ နမ့်ဆုယမ်ချောင်းနှင့် နမ့်ဆင်ချောင်းဆုံရာ ခန့်မှန်းမြေပုံညွှန်း (20.99431˙ N, 99.25671˙ E) အထိ၊

အနောက်ဘက်။ ထိုမှ အနောက်မြောက်ဘက်သို့ နမ့်ဆင်ချောင်းအတိုင်း ၃ မိုင် ၇ ဖာလုံခန့်လာရာ နမ့်ဆင်ချောင်း၏ ညာဘက်လက်တက်ငယ်နှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (21.03867˙ N, 99.23095˙ E) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ကျိုင်းတုံ–မိုင်းပျဉ်း နယ်နိမိတ်တစ်လျှောက် နမ့်ဆင်ချောင်းအတိုင်း ၂ မိုင် ၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (21.06554˙ N, 99.27152˙ E) အထိ၊ ထိုမှ မြောက်ဘက်သို့ မြို့နယ်နယ်နိမိတ်ဖြစ်သော နမ့်ဆင်ချောင်း အတိုင်း ၂ မိုင် ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (21.09387˙ N, 99.27898˙ E) အထိ၊ ထိုမှ မြို့နယ်နိမိတ် နမ့်ဆင်ချောင်းအတိုင်း အရှေ့မြောက်ယွန်းယွန်းသို့ ၂ မိုင် ၂ ဖာလုံခန့် လာရာ နမ့်ဆင်ချောင်း၏ ဘယ်ဘက်လက်တက်ကြီးဖြစ်သော နမ့်လှောင်ချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (21.09936˙ N, 99.31021˙ E) အထိ၊ ထိုမှ နမ့်ဆင်ချောင်းအတိုင်း မိုင်းပျဉ်း–ကျိုင်းတုံ နယ်နိမိတ်တစ်လျှောက် အရှေ့မြောက်သို့ ၁ မိုင် ၁ ဖာလုံခန့်လာရာ မူလစတင်ရာ နမ့်ဆင်ချောင်းနှင့် နမ့်အင်းချောင်းဆုံရာ ခန့်မှန်းမြေပုံညွှန်း (21.11188˙ N, 99.31557˙ E) အထိ။

## ၂။ သစ်တောကြိုးဝိုင်းအရာရှိခန့်အပ်ခြင်း

ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များ အရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်း များနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြိုးဝိုင်းအရာရှိအဖြစ် ခန့်အပ်လိုက်သည်။

၃။ **လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ထို့အပြင် ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည်-

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဥက္ကဋ္ဌ<br>မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ကျိုင်းတုံမြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန<br>ကျိုင်းတုံမြို့နယ် | အဖွဲ့ဝင် |
| ၄ | ဦးကျအီ<br>ဒေသခံပြည်သူ၊ မိုင်းအင်းကျေးရွာအုပ်စု၊ ကျိုင်းတုံမြို့နယ် | အဖွဲ့ဝင် |
| ၅ | ဦးဒေဗစ်<br>ဒေသခံပြည်သူ၊ မိုင်းအင်းကျေးရွာ၊ ကျိုင်းတုံမြို့နယ် | အဖွဲ့ဝင် |
| ၆ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ ကျိုင်းတုံမြို့နယ် | အတွင်းရေးမှူး |

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၂၁)**

**ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်းကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၅၈၇) ဧကရှိသော နယ်မြေကို ''ကောင်းဒီတောင်ကြိုးပြင်ကာကွယ်တော'' အဖြစ် ၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက် (၂၀၂၁ ခုနှစ်၊ ဧပြီလ ၂ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက်။ ခန့်မှန်းမြေပုံညွှန်း (P-၄၆၄၂၈၄) မှအစပြု၍ အရှေ့မြောက်ဘက်သို့ ၂.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၄၆၉၂၈၅) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၃.၅ ဖာလုံခန့်လာရာ ကောင်းဒီတောင်လမ်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (P-၄၇၃၂၇၉) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၄၈၀၂၇၈) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၄၈၃၂၇၆) အထိ၊

အရှေ့ဘက်။ ထိုမှ တောင်ကြောအတိုင်း တောင်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၄၈၂၂၇၀) အထိ၊ ထိုမှ လှည်းလမ်းအတိုင်း ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၄၈၀၂၆၇) အထိ၊

တောင်ဘက်။ ထိုမှ အနောက်တောင်ဘက်သို့ လှည်းလမ်းအတိုင်း ၂.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၄၇၆၂၆၄) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၂.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၄၇၁၂၆၅) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၃.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၄၆၆၂၇၀) အထိ၊

အနောက်ဘက်။ ထိုမှ အနောက်မြောက်ဘက်သို့ ၅.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၄၆၂၂၈၀) အထိ၊ ထိုမှ မြောက်ဘက်သို့ ၂ ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (P-၄၆၄၂၈၄) အထိ။

## ၂။ သစ်တောကြေးတိုင်အရာရှိခန့်အပ်ခြင်း

ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ (၆) ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## ၃။ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

ထို့အပြင် ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည်-

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဥက္ကဋ္ဌ<br>မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ကျောက်ပန်းတောင်းမြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန<br>ကျောက်ပန်းတောင်းမြို့နယ် | အဖွဲ့ဝင် |
| ၄ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ကျောက်ပန်းတောင်းမြို့နယ် | အဖွဲ့ဝင် |
| ၅ | ဦးအောင်မောင်း<br>ဒေသခံပြည်သူ၊ ရွာလုကျေးရွာအုပ်စု၊ ကျောက်ပန်းတောင်းမြို့နယ် | အဖွဲ့ဝင် |
| ၆ | ဦးမောင်စန်း<br>ဒေသခံပြည်သူ၊ လယ်ယာ (တ) ကျေးရွာအုပ်စု၊ ကျောက်ပန်းတောင်းမြို့နယ် | အဖွဲ့ဝင် |
| ၇ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်သစ်တောဦးစီးဌာန၊ ကျောက်ပန်းတောင်းမြို့နယ် | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၂၁)

### ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ဧက (၂,၀၀၀) ရှိသော နယ်မြေကို ''နန်းတော်ရာကြိုးပြင်ကာကွယ်တော'' အဖြစ် ၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက် (၂၀၂၁ ခုနှစ်၊ ဧပြီလ ၂ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက်။ ခန့်မှန်းမြေပုံညွှန်း (12.48206˚ N, 98.87058˚ E) မှအစပြု၍ အရှေ့ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (12.48123˚ N, 98.87708˚ E) အထိ၊

အရှေ့ဘက်။ ထိုမှ ဟသ်ာချောင်းလက်တက်ကိုဖြတ်၍ တောင်ဘက်သို့ ၂ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (12.45580˚ N, 98.87550˚ E) အထိ၊

တောင်ဘက်။ ထိုမှ အနောက်တောင်ဘက်သို့ ၁ မိုင် ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (12.44708˚ N, 98.85738˚ E) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (12.45356˚ N, 98.85227˚ E) အထိ၊ ထိုမှ အနောက်ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (12.45315˚ N, 98.84823˚ E) အထိ၊

အနောက်ဘက်။ ထိုမှ တညစ်ချောင်းလက်တက်ကိုဖြတ်၍ အနောက်မြောက်ဘက်သို့ ၁ မိုင် ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (12.46461˚ N, 98.84467˚ E) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၂ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (12.47799˚ N, 98.86987˚ E) အထိ၊ ထိုမှ မြောက်ဘက်သို့ ၃ ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (12.48206˚ N, 98.87058˚ E) အထိ။

၂။ **သစ်တောကြေးတိုင်အရာရှိခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ (၆) ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

၃။ **လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ထို့အပြင် ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)

ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည်–

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဥက္ကဋ္ဌ<br>မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြိတ်မြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြိတ်မြို့နယ် | အဖွဲ့ဝင် |
| ၄ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြိတ်မြို့နယ် | အဖွဲ့ဝင် |
| ၅ | ဦးသန်းကို<br>ဒေသခံပြည်သူ၊ နန်းတော်ရာကျေးရွာအုပ်စု၊ မြိတ်မြို့နယ် | အဖွဲ့ဝင် |
| ၆ | ဦးလူနီ<br>ဒေသခံပြည်သူ၊ နန်းတော်ရာကျေးရွာအုပ်စု၊ မြိတ်မြို့နယ် | အဖွဲ့ဝင် |
| ၇ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ မြိတ်မြို့နယ် | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၂၁)
## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁,၉၆၂) ဧကရှိသောနယ်မြေကို ''မစန်းပါး (၂) ဒီရေတောကြိုးပြင်ကာကွယ်တော'' အဖြစ် ၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက် (၂၀၂၁ ခုနှစ်၊ ဧပြီလ ၂ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက်။ ကဖွားငယ်ချောင်းပေါက်ဝ ခန့်မှန်းမြေပုံညွှန်း (12.43629˚ N, 98.47038˚ E) မှစ၍ အရှေ့တောင်ဘက်သို့ ကဖွားငယ်ချောင်းအတိုင်း ၃.၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (12.43270˚ N, 98.47557˚ E) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ကဖွားငယ်ချောင်းအတိုင်း ၃.၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (12.43174˚ N, 98.48169˚ E) အထိ၊

အရှေ့ဘက်။ ထိုမှ အနောက်တောင်ဘက်သို့ ကုလားကျွန်းအစပ် ချောင်းအတိုင်း ၁.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (12.42968˚ N, 98.47997˚ E) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ချောင်းအတိုင်း ၂.၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (12.42768˚ N, 98.47882˚ E) အထိ၊ ထိုမှ ဒီရေတောအစပ်အတိုင်း အရှေ့တောင်ဘက်သို့ ၃ ဖာလုံခန့်လာရာ ချောင်းညီကိုပေါက်ဝ ခန့်မှန်းမြေပုံညွှန်း (12.42222˚ N, 98.47922˚ E) အထိ၊ ထိုမှ ဒီရေတောစပ်အတိုင်း အရှေ့ဘက်သို့ ၁.၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (12.42224˚ N, 98.48139˚ E) အထိ၊ ထိုမှ

ဒီရေတောအစပ်အတိုင်း အနောက်တောင်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (12.41906˚ N, 98.47972˚ E) အထိ၊ ထိုမှ ဒီရေတောအစပ်အတိုင်း အရှေ့တောင်ဘက်သို့ ၁.၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (12.41605˚ N, 98.48043˚ E) အထိ၊ ထိုမှ ချောင်းအတိုင်း အနောက်တောင်ဘက်သို့ ၃.၈ ဖာလုံခန့်လာရာ ငမန်းချောင်းအဖျား ခန့်မှန်းမြေပုံညွှန်း (12.40909˚ N, 98.48108˚ E) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၄.၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (12.40561˚ N, 98.48872˚ E) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၄.၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (12.40141˚ N, 98.49483˚ E) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၃.၄ ဖာလုံခန့်လာရာ တောင်ဘက်ထိပ်ချောင်းပေါက်ဝ ခန့်မှန်းမြေပုံညွှန်း (12.40073˚ N, 98.50114˚ E) အထိ၊

တောင်ဘက်။ ထိုမှ မစန်းပါးချောင်းအတိုင်း အနောက်တောင်ဘက်သို့ ၁ မိုင် ၁.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (12.39011˚ N, 98.48733˚ E) အထိ၊

အနောက်ဘက်။ ထိုမှ ချောင်းအတိုင်း အနောက်မြောက်ဘက်သို့ ၁ မိုင် ၃.၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (12.40268˚ N, 98.47090˚ E) အထိ၊ ထိုမှ ချောင်းအတိုင်း အနောက်မြောက်ဘက်သို့ ၁ မိုင် ဝ.၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (12.41634˚ N, 98.46335˚ E) အထိ၊ ထိုမှ ချောင်းအတိုင်း အရှေ့မြောက်ဘက်သို့ ၅.၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (12.42505˚ N, 98.46744˚ E) အထိ၊ ထိုမှ ဒီရေတောအစပ်အတိုင်း အရှေ့မြောက်ဘက်သို့ ၆.၄ ဖာလုံခန့်လာရာ မူလစတင်ရာ ကဖွားငယ်ချောင်းပေါက်ဝ ခန့်မှန်းမြေပုံညွှန်း (12.43629˚ N, 98.47038˚ E) အထိ။

## ၂။ သစ်တောကြေးတိုင်အရာရှိခန့်အပ်ခြင်း

ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## ၃။ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

ထို့အပြင် ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည်-

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဥက္ကဋ္ဌ<br>မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ကျွန်းစုမြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ကျွန်းစုမြို့နယ် | အဖွဲ့ဝင် |
| ၄ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ကျွန်းစုမြို့နယ် | အဖွဲ့ဝင် |

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၅ | ဦးထွန်းလှ<br>ဒေသခံပြည်သူ၊ မအိုင်ကျေးရွာအုပ်စု၊ ကျွန်းစုမြို့နယ် | အဖွဲ့ဝင် |
| ၆ | ဦးစိုးထိုက်<br>ဒေသခံပြည်သူ၊ မစန်းပါးကျေးရွာ၊ ကျွန်းစုမြို့နယ် | အဖွဲ့ဝင် |
| ၇ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်သစ်တောဦးစီးဌာန၊ ကျွန်းစုမြို့နယ် | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၁)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် ရှမ်းပြည်နယ်၊ ကျိုင်းတုံ–မိုင်းဆတ်ခရိုင်၊ မိုင်းတုံမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁၄၄,၀၆၅) ဧကရှိသော နယ်မြေကို ''ယန်းခမ်းကြိုးပြင်ကာကွယ်တော'' အဖြစ် ၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက် (၂၀၂၁ ခုနှစ်၊ ဧပြီလ ၂ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက်။ သံလွင်မြစ်အတွင်းစီးဝင်သည့် မိုင်းဟန်ချောင်း လက်တက်ပေါ်ရှိ ခန့်မှန်းမြေပုံညွှန်း (20.284018˚ N, 98.703746˚ E) မှအစပြု၍ မိုင်းဟန်ချောင်းအတိုင်း အရှေ့ဘက်သို့ ၁ မိုင် ၂.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (20.285903˚ N, 98.724096˚ E) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ မိုင်းဟန်ချောင်းအတိုင်း ၃ မိုင် ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (20.262095˚ N, 98.761224˚ E) အထိ၊

အရှေ့ဘက်။ ထိုမှ တောင်ဘက်သို့ မိုင်းဟန်ချောင်းအတိုင်း ၂ မိုင် ၂ ဖာလုံခန့်လာရာ ချောင်းလက်တက်ဆုံ ခန့်မှန်းမြေပုံညွှန်း (20.234839˚ N, 98.773194˚ E) အထိ၊ ထိုမှ အနောက်ဘက်သို့ ၁ မိုင် ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (20.210758˚ N, 98.747359˚ E) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၁ မိုင် ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (20.150865˚ N, 98.749073˚ E) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၅ မိုင် ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (20.113144˚ N, 98.811877˚ E) အထိ၊ ထိုမှ တောင်ဘက်သို့ ၃ မိုင် ၁.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (20.114944˚ N, 98.857905˚ E) အထိ၊ ထိုမှ အရှေ့ဘက်သို့ ရေဝေကြောအတိုင်း ၃ မိုင် ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (20.063816˚ N, 98.859041˚ E) အထိ၊ ထိုမှ တောင်ဘက်သို့ ၃ မိုင် ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (20.035930˚ N, 98.844512˚ E) အထိ၊

တောင်ဘက်။ ထိုမှ အနောက်တောင်ဘက်သို့ ၂ မိုင် ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (20.005967˚ N, 98.752354˚ E) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ မြောက်လက်တက် (၄) ခုကိုဖြတ်၍ ၆ မိုင် ၁.၅ ဖာလုံခန့်လာရာ နမ့်ကျွတ်ချောင်းအနီး ခန့်မှန်းမြေပုံညွှန်း (20.011530˚ N, 98.691197˚ E) အထိ၊ ထိုမှ အနောက်ဘက်သို့ ၄ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (19.950304˚ N, 98.611288˚ E) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၇ မိုင်ခန့်လာရာ ဟွေပူချောင်းလက်တက် ခန့်မှန်းမြေပုံညွှန်း (19.916841˚ N, 98.587392˚ E) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၃ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (19.909740˚ N, 98.569701˚ E) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၁ မိုင် ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (19.926254˚ N, 98.540482˚ E) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၂ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (20.024335˚ N, 98.551571˚ E) အထိ၊

အနောက်ဘက်။　ထိုမှ မြောက်ဘက်သို့ ဟွေပါမတ်ခိုင်လုံချောင်းကိုဖြတ်၍ ၇ မိုင်ခန့်လာရာ ဟွေစာမန်းချောင်းအနီး ခန့်မှန်းမြေပုံညွှန်း (20.145711˚ N, 98.651301˚ E) အထိ၊ ထိုမှ မြောက်ဘက်သို့ ဟွေစာမန်းချောင်းနှင့် ဟွေပေါချောင်းတို့ကိုဖြတ်၍ ၇ မိုင် ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (20.165238˚ N, 98.691418˚ E) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၃ မိုင် ၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (20.195516˚ N, 98.699031˚ E) အထိ၊ ထိုမှ မြောက်ဘက်သို့ ၂ မိုင် ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (20.224107˚ N, 98.692757˚ E) အထိ၊ ထိုမှ မြောက်ဘက်သို့ ၅၀၀ ကိုက်ခန့်လာရာ မူလစတင်ရာ ခန့်မှန်းမြေပုံညွှန်း (20.284018˚ N, 98.703746˚ E) အထိ။

## ၂။　သစ်တောကြေးတိုင်အရာရှိခန့်အပ်ခြင်း

ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## ၃။　လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

ထို့အပြင် ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည်-

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဥက္ကဋ္ဌ<br>မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မိုင်းတုံမြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မိုင်းတုံမြို့နယ် | အဖွဲ့ဝင် |
| ၄ | ဦးစိုင်းလှမောင်<br>ဒေသခံပြည်သူ၊ မိုင်းတုံမြို့နယ် | အဖွဲ့ဝင် |
| ၅ | ဦးစိုင်းအောင်ထွေး<br>ဒေသခံပြည်သူ၊ မိုင်းတုံမြို့နယ် | အဖွဲ့ဝင် |
| ၆ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ မိုင်းတုံမြို့နယ် | အတွင်းရေးမှူး |

ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စက်မှုဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၇ ရက်)

၂၀၂၁ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၀/၂၀၂၁) ၏ သဘောတူညီချက်အရ စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန (ရုံးချုပ်) နှင့် စက်မှုသင်တန်းကျောင်းများမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) တန်းရှိ အောက်ဖော်ပြပါ ဝန်ထမ်း (၁၆) ဦးတို့အား အဆိုပါဦးစီးဌာန (ရုံးချုပ်) နှင့် စက်မှုသင်တန်းကျောင်းများ၌ လစ်လပ်လျက်ရှိသည့် ၎င်းတို့အမည်နှင့် ယှဉ်တွဲပါ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်းအရာထမ်း အဆင့် ရာထူးနေရာအသီးသီးသို့ လုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထား လိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|---|
| (၁) | ဒေါ်စန္ဒာဝင်း | ကြီးကြပ်ရေးမှူး<br>စီမံရေးဌာန<br>စက်မှုပူးပေါင်းဆောင်ရွက်ရေး<br>ဦးစီးဌာန(ရုံးချုပ်) | ဌာနခွဲမှူး<br>စီမံရေးဌာန<br>စက်မှုပူးပေါင်းဆောင်ရွက်ရေး<br>ဦးစီးဌာန(ရုံးချုပ်) |
| (၂) | ဒေါ်ဖြူဖြူခင် | ကြီးကြပ်ရေးမှူး<br>စွမ်းအင်ခြိုးခြံချွေတာရေးဌာန<br>စက်မှုပူးပေါင်းဆောင်ရွက်ရေး<br>ဦးစီးဌာန (ရုံးချုပ်) | ဌာနခွဲမှူး<br>စွမ်းအင်ခြိုးခြံချွေတာရေးဌာန<br>စက်မှုပူးပေါင်းဆောင်ရွက်ရေး<br>ဦးစီးဌာန (ရုံးချုပ်) |
| (၃) | ဒေါ်မူမူအေး | ကြီးကြပ်ရေးမှူး<br>စက်မှုဖွံ့ဖြိုးရေးဌာန<br>စက်မှုပူးပေါင်းဆောင်ရွက်ရေး<br>ဦးစီးဌာန (ရုံးချုပ်) | ဌာနခွဲမှူး<br>စက်မှုဖွံ့ဖြိုးရေးဌာန<br>စက်မှုပူးပေါင်းဆောင်ရွက်ရေး<br>ဦးစီးဌာန (ရုံးချုပ်) |
| (၄) | ဒေါ်အိမွန်ခိုင် | ကြီးကြပ်ရေးမှူး<br>စာချုပ်စာတမ်းများစိစစ်ရေးဌာန<br>စက်မှုပူးပေါင်းဆောင်ရွက်ရေး<br>ဦးစီးဌာန (ရုံးချုပ်) | ဌာနခွဲမှူး<br>စာချုပ်စာတမ်းများစိစစ်ရေးဌာန<br>စက်မှုပူးပေါင်းဆောင်ရွက်ရေး<br>ဦးစီးဌာန (ရုံးချုပ်) |
| (၅) | ဒေါ်ခိုင်ယဉ်ယဉ်လတ် | ကြီးကြပ်ရေးမှူး<br>ထုတ်လုပ်မှုညှိနှိုင်းရေးဌာန<br>စက်မှုပူးပေါင်းဆောင်ရွက်ရေး<br>ဦးစီးဌာန (ရုံးချုပ်) | ဌာနခွဲမှူး<br>ထုတ်လုပ်မှုညှိနှိုင်းရေးဌာန<br>စက်မှုပူးပေါင်းဆောင်ရွက်ရေး<br>ဦးစီးဌာန (ရုံးချုပ်) |
| (၆) | ဒေါ်ဥမ္မာရည် | ကြီးကြပ်ရေးမှူး<br>သင်တန်းကျောင်းများ<br>ကြီးကြပ်ရေးဌာန<br>စက်မှုပူးပေါင်းဆောင်ရွက်ရေး<br>ဦးစီးဌာန (ရုံးချုပ်) | ဌာနခွဲမှူး<br>သင်တန်းကျောင်းများ<br>ကြီးကြပ်ရေးဌာန<br>စက်မှုပူးပေါင်းဆောင်ရွက်ရေး<br>ဦးစီးဌာန (ရုံးချုပ်) |

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|---|
| (၇) | ဒေါ်ယဉ်ယဉ်နု | ကြီးကြပ်ရေးမှူး<br>နည်းပညာဖွံ့ဖြိုးရေးဌာန<br>စက်မှုပူးပေါင်းဆောင်ရွက်ရေး<br>ဦးစီးဌာန (ရုံးချုပ်) | ဌာနခွဲမှူး<br>နည်းပညာဖွံ့ဖြိုးရေးဌာန<br>စက်မှုပူးပေါင်းဆောင်ရွက်ရေး<br>ဦးစီးဌာန (ရုံးချုပ်) |
| (၈) | ဒေါ်မာမာဝေ | ကြီးကြပ်ရေးမှူး<br>နည်းပညာသုတေသနဌာန<br>စက်မှုပူးပေါင်းဆောင်ရွက်ရေး<br>ဦးစီးဌာန (ရုံးချုပ်) | ဌာနခွဲမှူး<br>နည်းပညာသုတေသနဌာန<br>စက်မှုပူးပေါင်းဆောင်ရွက်ရေး<br>ဦးစီးဌာန (ရုံးချုပ်) |
| (၉) | ဒေါ်အေးမြမြစိုး | စာရင်းကိုင် (၁)<br>ဘဏ္ဍာရေးဌာန<br>စက်မှုပူးပေါင်းဆောင်ရွက်ရေး<br>ဦးစီးဌာန (ရုံးချုပ်) | ဌာနခွဲမှူး<br>ဘဏ္ဍာရေးဌာန<br>စက်မှုပူးပေါင်းဆောင်ရွက်ရေး<br>ဦးစီးဌာန (ရုံးချုပ်) |
| (၁၀) | ဒေါ်ခက်ခက်အောင် | ကြီးကြပ်ရေးမှူး<br>အုပ်ချုပ်ရေးဌာန<br>စက်မှုပူးပေါင်းဆောင်ရွက်ရေး<br>ဦးစီးဌာန (ရုံးချုပ်) | ဌာနခွဲမှူး<br>အုပ်ချုပ်ရေးဌာန<br>စက်မှုပူးပေါင်းဆောင်ရွက်ရေး<br>ဦးစီးဌာန (ရုံးချုပ်) |
| (၁၁) | ဒေါ်နှင်းဝေလှိုင် | အကြီးတန်းနည်းပြ<br>အမှတ် (၁) စက်မှုသင်တန်း<br>ကျောင်း (ဆင်တဲ) | နည်းပြအရာရှိ<br>အမှတ် (၁)စက်မှုသင်တန်း<br>ကျောင်း (ဆင်တဲ) |
| (၁၂) | ဒေါ်သင်းအိဆွေ | အကြီးတန်းနည်းပြ<br>အမှတ် (၂) စက်မှုသင်တန်း<br>ကျောင်း (မန္တလေး) | ဦးစီးအရာရှိ<br>အမှတ် (၂)စက်မှုသင်တန်း<br>ကျောင်း (မန္တလေး) |
| (၁၃) | ဦးထင်ပေါ်ထူး | ဦးစီးမှူး<br>အမှတ် (၃)စက်မှုသင်တန်း<br>ကျောင်း (သာဂရ) | ဦးစီးအရာရှိ<br>အမှတ် (၃)စက်မှုသင်တန်း<br>ကျောင်း (သာဂရ) |
| (၁၄) | ဒေါ်သီတာဝင်း | အကြီးတန်းနည်းပြ<br>အမှတ် (၄) စက်မှုသင်တန်း<br>ကျောင်း (ပခုက္ကူ) | နည်းပြအရာရှိ<br>အမှတ် (၄)စက်မှုသင်တန်း<br>ကျောင်း (ပခုက္ကူ) |
| (၁၅) | ဒေါ်မြင့်သန္တာချို | အကြီးတန်းနည်းပြ<br>အမှတ် (၅) စက်မှုသင်တန်း<br>ကျောင်း (မကွေး) | နည်းပြအရာရှိ<br>အမှတ် (၅)စက်မှုသင်တန်း<br>ကျောင်း (မကွေး) |
| (၁၆) | ဒေါ်ယုယုထွန်း | အကြီးတန်းနည်းပြ<br>အမှတ် (၆) စက်မှုသင်တန်း<br>ကျောင်း (မြင်းခြံ) | နည်းပြအရာရှိ<br>အမှတ် (၆)စက်မှုသင်တန်း<br>ကျောင်း (မြင်းခြံ) |

ကိုကိုလွင်
ဒုတိယဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၄၃၂/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ချင်းပြည်နယ်ဦးစီးမှူးရုံးမှ (လဝက-၆၇၀၃) ညွှန်ကြားရေးမှူး ဦးနေလင်း သည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင် အသက် (၆၀) နှစ်ပြည့်မည်ဖြစ်ပါ၍ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားရမည်ဖြစ်ရာ ၎င်း၏ ကြိုတင်ပြင်ဆင်ခွင့် (၄) လအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ-၂၂ အရလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ-၈၁ အရ လည်းကောင်း အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ညွှန်ကြားရေးမှူး ဦးနေလင်း အား ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ-၅၆ (က) အရ ပြည်သူ့ဝန်ထမ်း အဖြစ်မှ သက်ပြည့်ပင်စင်ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၄၃၄/၂၀၂၁)

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ တာဝန်နှင့် လုပ်ငန်းစစ်ဌာနမှ (လဝက-၃၂၀၆) ညွှန်ကြားရေးမှူး ဦးတင်မျိုးလွင် သည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် အသက် (၆၀) နှစ်ပြည့်မည်ဖြစ်ပါ၍ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ-၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ-၈၁ အရ ခံစားခွင့် ပြုလိုက်သည်။

၂။ ညွှန်ကြားရေးမှူး ဦးတင်မျိုးလွင် သည် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ-၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ-၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်း အဖြစ်မှ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၄၃၅/၂၀၂၁)

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကယားပြည်နယ်ဦးစီးမှူးရုံးမှ (လဝက-၁၃၄၁၉) ညွှန်ကြားရေးမှူး ဦးစန်းဝေ သည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် အသက် (၆၀) နှစ်ပြည့်မည်ဖြစ်ပါ၍ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ-၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ-၈၁ အရ ခံစားခွင့်ပြုလိုက်သည်။

၂။ ညွှန်ကြားရေးမှူး ဦးစန်းဝေ သည် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ-၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ-၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်း အဖြစ်မှ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၇၇/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၉ ရက်)

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဌာနမှ (လဝက-၇၇၁၇) ညွှန်ကြားရေးမှူး ဦးရဲရင့်သိန်း သည် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် အသက် (၆၀) နှစ်ပြည့်မည်ဖြစ်ပါ၍ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ-၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ-၈၁ အရ ခံစားခွင့်ပြုလိုက်သည်။

၂။ ညွှန်ကြားရေးမှူး ဦးရဲရင့်သိန်း သည် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ-၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ-၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်း အဖြစ်မှ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

မြင့်ကြိုင်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၀ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးလွင် [၁၂/မဂဒ (နိုင်) ၀၀၈၇၉၉] အား ၂၀၂၁ ခုနှစ်၊ မေလ ၁၁ ရက်နေ့မှစတင်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၂၁)**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီလာစိုး [၁၂/ ဗဟန (နိုင်) ၀၀၃၀၆၄] အား ဝန်ကြီးရုံးတွင် လစ်လပ်လျက်ရှိသည့် လက်ထောက်အတွင်းဝန်၊ လစာနှုန်း (၃၇၄,၀၀၀ -၄,၀၀၀ -၃၉၄,၀၀၀) ရာထူးအဆင့်သို့ ၂၀၂၁ ခုနှစ်၊ မေလ ၁၁ ရက်နေ့မှစ၍ တိုးမြှင့် ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၈ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအုန်းဌေး [၁၂/ မဘန (နိုင်) ၀၇၄၃၉၁] အား ၂၀၂၁ ခုနှစ်၊ မေလ ၂၉ ရက်နေ့မှစတင်၍ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာပွင့်ဆန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၆၇/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၄ ရက်)

၂၀၂၁ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင် ကျင်းပသော ပညာရေးဝန်ကြီးဌာန၊ အထူးစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၁) ၌ ဆုံးဖြတ်ချက်အရ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားမည့် ရာထူး၊ ဌာန |
|---|---|---|---|
| ၁။ | ဒေါ်ကြည်ကြည်ခ | ညွှန်ကြားရေးမှူး<br>ပညာရေး၊ နည်းပညာနှင့်<br>သတင်းဖြန့်ချိရေးဌာနခွဲ | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပညာရေး၊ နည်းပညာနှင့်<br>သတင်းဖြန့်ချိရေးဌာနခွဲ<br>(ရန်ကုန်နည်းပညာတက္ကသိုလ်၊<br>ဒုတိယပါမောက္ခချုပ်<br>ရာထူးကို ရယူလျက်) |
| ၂။ | ဦးမြတ်ထွန်း | ညွှန်ကြားရေးမှူး<br>စီမံရေးရာဌာန | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဌာန<br>(မန္တလေးနည်းပညာတက္ကသိုလ်၊<br>ဒုတိယပါမောက္ခချုပ်<br>ရာထူးကိုရယူလျက်) |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၆၈/၂၀၂၁)**

၂၀၂၁ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင် ကျင်းပသော ပညာရေးဝန်ကြီးဌာန၊ အထူးစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၁) ၌ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးအောင်သူသူ အား အဆိုပါ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၆၉/၂၀၂၁)

၂၀၂၁ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင် ကျင်းပသော ပညာရေးဝန်ကြီးဌာန၊ အထူးစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၁) ၌ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါ်နွံ့နွံ့ရီ အား အဆိုပါဦးစီးဌာန ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာညွန့်ဖေ<br>
ပြည်ထောင်စုဝန်ကြီး<br>
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ<br>
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## အမိန့်အမှတ် (၁၁၆/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၂၈ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ခါတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာသဖြင့် အချို့သောမြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အောက်ပါမြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင်အကျုံးဝင်ကြောင်း ကြေညာလိုက်သည်-

(က) ချင်းပြည်နယ်
 (၁) တွန်းဇံမြို့နယ်၊
(ခ) စစ်ကိုင်းတိုင်းဒေသကြီး
 (၁) တမူးမြို့နယ်။

၃။ အဆိုပါ မြို့နယ် (၂) မြို့နယ်ရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင်အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်-

(က) မိမိနေအိမ်တွင်သာနေထိုင်ရန် (အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများမပါ၊)

(ခ) မဖြစ်မနေဈေးဝယ်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊

(ဂ) ဆေးရုံ၊ ဆေးခန်း သွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

(ဃ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း (mask) တပ်ရန်၊

(င) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့် ယာဉ်များနှင့် ဖြတ်သန်းခွင့် ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

(စ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံဆေးခန်း သွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ (ခ)၊ (ဂ) နှင့် (စ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန် ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက် ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၀၂၁ ခုနှစ်၊ မေလ ၂၉ ရက်၊ ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၁၃/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၆ ရက်)

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ဖော်ပြပါ ဓာတုပစ္စည်းများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရာ၌ အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများ ဖြစ်သည်ဟုသတ်မှတ်လိုက်သည်-

**(က) ၁၉၈၈ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင် သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်သည့် ကမ္ဘာ့ကုလသမဂ္ဂကွန်ဗင်းရှင်း၏ ဇယား (၁) ပါ ထိန်းချုပ်ဓာတုပစ္စည်းများ-**

ဇယား (၁)

| | | |
|---|---|---|
| (၁) | Acetic anhydride | အက်စစ်တစ် အင်ဟိုက်ဒရိုက် |
| (၂) | *N*– Acetylanthranilic acid | အင်-အက်စီတိုင်းလ်အင်သရာနီလစ်အက်စစ် |
| (၃) | 4 – Anilino– *N*– phenethylpiperidine (ANPP) | ၄- အနီလီနို- အင်- ဖီနိုင်သိုင်းလ်ပိုင်ပါရီဒင်း (အေအင်ပီပီ) |
| (၄) | Ephedrine | အက်ဖီဒရင်း |
| (၅) | Ergometrine | အာဂိုမတ်ထရင်း |
| (၆) | Ergotamine | အာဂိုတမင်း |
| (၇) | Isosafrole | အိုင်ဆိုဆာဖရိုးလ် |
| (၈) | Lysergic acid | လိုက်ဆာဂျစ် အက်စစ် |
| (၉) | 3,4 –MDP–2–P methyl glycidate | ၃၊ ၄-အမ်ဒီပီ-၂-ပီ မီသိုင်း ဂလိုက်စီဒိတ် |
| (၁၀) | 3,4–MDP–2–P methyl glycidic acid | ၃၊၄-အမ်ဒီပီ- ၂-ပီ မီသိုင်း ဂလိုက်စီဒစ် အက်စစ် |
| (၁၁) | 3,4–Methylenedioxyphenyl– 2– propanone | ၃၊၄- မီသိုင်းလ်လင်ဒိုင်အောက်ဆီဖီနိုင်းလ်- ၂- ပရိုပန်နုန်း |
| (၁၂) | Norephedrine | နော်အက်ဖီဒရင်း |
| (၁၃) | *N*–Phenethyl–4–piperidone (NPP) | အင်- ဖီနိုင်သိုင်းလ်- ၄-ပိုက်ပါရီဒုန်း (အင်ပီပီ) |
| (၁၄) | Phenylacetic acid | ဖီနိုင်းလ်အက်စစ်တစ် အက်စစ် |
| (၁၅) | 1–Phenyl–2–propanone | ၁-ဖီနိုင်းလ်-၂-ပရိုပန်နုန်း |

| | | |
|---|---|---|
| (၁၆) | *alpha*– Phenylacetoacetamide (APAA) | အလ်ဖာ– ဖီနိုင်းလ်အက်စီတိုအက်စီတမိုက် (အေပီအေအေ) |
| (၁၇) | *alpha*–Phenylacetoacetonitrile (APAAN) | အလ်ဖာ–ဖီနိုင်းလ်အက်စီတိုအက်စီတိုနိုက်ထရေး (အေပီအေအေအန်) |
| (၁၈) | Piperonal | ပိုင်ပါရိုနယ်လ် |
| (၁၉) | Potassium permanganate | ပိုတက်စီယမ် ပါမင်းဂနိတ် |
| (၂၀) | Pseudoephedrine | ဆူဒိုအက်ဖီဒရင်း |
| (၂၁) | Safrole | ဆာဖရိုးလ် |

**( ခ )** ၁၉၈၈ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင် သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်သည့် ကမ္ဘာ့ကုလသမဂ္ဂကွန်ဗင်းရှင်း၏ ဇယား (၂) ပါ ထိန်းချုပ်ဓာတုပစ္စည်းများ–

ဇယား (၂)

| | | |
|---|---|---|
| (၁) | Acetone | အက်စီတုန်း |
| (၂) | Anthranilic acid | အင်သရာနီလစ် အက်စစ် |
| (၃) | Ethyl ether | အီသိုင်းလ် အီသာ |
| (၄) | Hydrochloric acid | ဟိုက်ဒရိုကလိုရစ် အက်စစ် |
| (၅) | Methyl ethyl ketone | မီသိုင်းလ် အီသိုင်းလ် ကီတုံး |
| (၆) | Piperidine | ပိုင်ပါရီဒင်း |
| (၇) | Sulphuric acid | ဆာလ်ဖြူရစ် အက်စစ် |
| (၈) | Toluene | တော်လူအင်း |

**( ဂ )** မြန်မာနိုင်ငံ၏ လိုအပ်ချက်အရ သတ်မှတ်သည့်ဇယား (၃) ပါ ထိန်းချုပ်ဓာတုပစ္စည်းများ–

ဇယား (၃)

| | | |
|---|---|---|
| (၁) | Ammonium Chloride | အမိုနီယမ် ကလိုရိုက် |
| (၂) | Ammonium Nitrate | အမိုနီယမ် နိုက်ထရိတ် |
| (၃) | Caffeine | ကေဖင်း |
| (၄) | Lead Acetate | လိဒ် အစီတိတ် |
| (၅) | Methylamine/ Methylamine Hydrochloride | မီသိုင်းလမင်း/ မီသိုင်းလမင်း ဟိုက်ဒရိုကလိုရိုက် |
| (၆) | Sodium Acetate | ဆိုဒီယမ် အစီတိတ် |
| (၇) | Sodium Cyanide | ဆိုဒီယမ် ဆိုင်ယာနိုက် |
| (၈) | Safrole rich oil | ဆာဖရိုးကြွယ်ဝသောအဆီ |
| (၉) | Tartaric Acid | တာတာရစ် အက်ဆစ် |
| (၁၀) | Thionyl Chloride | သိုင်အိုနိုင်းလ် ကလိုရိုက် |

၂။ ဤအမိန့်ကြော်ငြာစာဖြင့် ယခင် ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၂၊ ၆/၂၀၁၀ နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၁၈၊ ၁၇/၂၀၂၀ နှင့် ၁၈/၂၀၂၀ တို့အား လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာသက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၁၁၁/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၄ ရက်)

### တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် နေပြည်တော် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ပြင်ဆင်ဖွဲ့စည်းခြင်း

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ မေလ ၁၈ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီတွင် ဥက္ကဋ္ဌအဖြစ် လူမှုရေးဝန်ကြီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ **အစား** အဖွဲ့ဝင်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဖြင့်လည်းကောင်း၊ နေပြည်တော် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီတွင် ဥက္ကဋ္ဌအဖြစ် နေပြည်တော်ကောင်စီဝင်၊ နေပြည်တော်ကောင်စီ **အစား** အဖွဲ့ဝင်၊ နေပြည်တော်ကောင်စီ ဖြင့်လည်းကောင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

ဒေါက်တာသက်ခိုင်ဝင်း

ဥက္ကဋ္ဌ

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၀၁၁/ ၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၈ ရက်)

### မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေပုဒ်မ- ၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့်အခွင့်အာဏာများကို သုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၇ ကံဘဲ)၊ မြေကွက်အမှတ် (၃က/၄)၊ မြေဧရိယာ (၀.၉၆၇) ဧကရှိအစိုးရ မြေနေရာအား လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ရန်ကုန်မြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး အသုံးပြုရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ အောက်ပါ စည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည်-

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) ထိုမြေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အသုံးပြုရန် မလိုအပ်သည့်အခါ ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်။

(ဂ) မြေကိုအသုံးပြုရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆ သဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ လွှဲပြောင်းပေးသည့် မြေ၏ အကြောင်းအရာ ဖော်ပြချက်

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်း မြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်း ဒေသကြီး | ရန်ကင်း | ၃၇ ကံဘဲ့ | ၃က/၄ | ၁ | ၉၆၇ | |
| စုစုပေါင်း | | | | ၁ | ၉၆၇ | |

၃။ နယ်နိမိတ်အလားအလာ ဖော်ပြချက်

မြောက်လားသော် - မြေကွက်အမှတ် - ၃က/၁

အရှေ့လားသော် - ချောင်း

တောင်လားသော် - ဆည်မြောင်းရုံးလမ်း

အနောက်လားသော် - မြေကွက်အမှတ် - ၃က/၃

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၂၁) အရ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၇ ကံဘဲ့)၊ မြေကွက်အမှတ် (၃က/၄)၊ မြေဧရိယာ (၁.၉၆၇) ဧကရှိ အစိုးရ မြေနေရာကို လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အသုံးပြုရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၀၁၂/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၁၇ ရက်)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေပုဒ်မ - ၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို သုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၄-ရုံးကွက်များ)၊ မြေကွက်အမှတ် (၁၀၀၊ ၁၀၁၊ ၁၀၆၊ ၁၀၇)၊ မြေဧရိယာ (၁.၉၁၈) ဧကရှိ အစိုးရမြေနေရာအား ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တရားရုံး အသုံးပြုရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အောက်ပါ စည်းကမ်းချက်များဖြင့် လွှဲပြောင်းပေး လိုက်သည်-

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တရားရုံးအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) မြေကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အသုံးပြုရန် မလိုအပ်သည့်အခါ ထိုမြေကို ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရမှ ပြန်လည်သိမ်းယူမည်။

(ဂ) မြေကို အသုံးပြုရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဤဝန်ကြီးဌာနတို့ အယူအဆ သဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့် မြေ၏ အကြောင်းအရာ ဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်း မြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်း ဒေသကြီး | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၆၄ - ရုံးကွက်များ | ၁၀၀၊ ၁၀၁၊ ၁၀၆၊ ၁၀၇ | ၀ | ၉၁၈ | |
| စုစုပေါင်း | | | | ၀ | ၉၁၈ | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

အရှေ့လားသော် - ပြည်ထောင်စုလမ်း

အနောက်လားသော် - လမ်း

တောင်လားသော် - မြေကွက်အမှတ် (၉၉၊ ၁၀၈)

မြောက်လားသော် - မြေကွက်အမှတ် (၁၀၂၊ ၁၀၅)

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၂၈/၂၀၂၀) အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၄ - ရုံးကွက်များ)၊ မြေကွက်အမှတ် (၁၀၀၊ ၁၀၁၊ ၁၀၆၊ ၁၀၇)၊ မြေဧရိယာ (၀.၉၁၈) ဧကရှိ အစိုးရမြေနေရာအား ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တရားရုံး အသုံးပြုရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

ရွှေလေး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၆၅/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၁၁ ရက်)

### လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) ဖွဲ့စည်းခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

| ရာထူး၊ ဌာန | တာဝန် |
|---|---|
| (က) ဒုတိယအမြဲတမ်းအတွင်းဝန် ဝန်ကြီးရုံး | အဖွဲ့ခေါင်းဆောင် |

(ခ) လက်ထောက်အတွင်းဝန် အဖွဲ့ဝင်
အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ၊ ဝန်ကြီးရုံး

(ဂ) လက်ထောက်အတွင်းဝန် အဖွဲ့ဝင်
မူဝါဒနှင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့်
လုပ်ငန်းစစ်ဆေးရေးဌာနခွဲ၊ ဝန်ကြီးရုံး

(ဃ) လက်ထောက်အတွင်းဝန် အဖွဲ့ဝင်
ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ၊ ဝန်ကြီးရုံး

(င) ညွှန်ကြားရေးမှူး (စီမံ) အဖွဲ့ဝင်
စီမံဘဏ္ဍာဌာနခွဲ
လူမှုဝန်ထမ်းဦးစီးဌာန

(စ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
စီမံဘဏ္ဍာဌာန
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

(ဆ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
စီမံ/ ဘဏ္ဍာဌာနခွဲ
ပြန်လည်ထူထောင်ရေးဦးစီးဌာန

၂။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ဝန်ကြီးဌာနသို့ အခါအားလျော်စွာ လွှဲပြောင်းပေးပို့လာသည့် တိုင်ကြားစာများနှင့် စုံစမ်းစိစစ်ရန် ကိစ္စရပ်များကို ဝန်ကြီးဌာနကိုယ်စား စုံစမ်းစိစစ်၍ တာဝန်ရှိသူများထံ တင်ပြရန်နှင့် လိုအပ်ချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် ကော်မရှင်သို့ ဆက်လက်တင်ပြရန်၊

(ခ) ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့မှ သီးခြားပေးအပ်သည့်တာဝန်များကို စုံစမ်းစိစစ်၍ တင်ပြရန်၊

(ဂ) လာဘ်ပေးလာဘ်ယူမှုနှင့်သက်ဆိုင်သော အဂတိလိုက်စားမှုပြဿနာများနှင့် တိုင်ကြားစာများကို စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ရန်၊

(ဃ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ဖြေရှင်းရန် လိုအပ်သည့်ကိစ္စရပ်များကို ကော်မရှင်သို့ လွှဲပြောင်းပေးရန်၊

(င) ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် တင်ဒါခေါ်ယူခြင်းဆိုင်ရာကိစ္စရပ်များတွင် နစ်နာမှုရှိကြောင်း တိုင်ကြားလာပါက စိစစ်ဆောင်ရွက်ရန်၊

(စ) အဂတိလိုက်စားမှုနှင့်ပတ်သက်၍ မှန် မမှန် စုံစမ်းစစ်ဆေးစဉ်ကာလအတွင်း တိုင်ကြားခံရသူနှင့် တိုင်ကြားသူ၏ သတင်းအချက်အလက်များကို ထိန်းသိမ်းကာကွယ်ပေးရန်၊

(ဆ) အဂတိလိုက်စားမှုဆိုင်ရာ တိုင်ကြားလာမှုများနှင့်ပတ်သက်၍ ဆောင်ရွက်မှုအခြေအနေများကို သင့်လျော်သည့်အချိန်တွင် ပွင့်လင်းမြင်သာစွာ သတင်းထုတ်ပြန်နိုင်ရေး ဆောင်ရွက်ရန်၊

( ဇ ) အဖွဲ့၏လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်နှင့် အဖွဲ့ကိုအထောက်အကူဖြစ်စေရန်တို့အတွက် လိုအပ်ပါက အထောက်အကူပြုအဖွဲ့များဖွဲ့စည်းရန်၊

(ဈ) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ လိုက်နာရန် ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများကို ဝန်ထမ်းများသိရှိလိုက်နာနိုင်ရေးအတွက် ဝန်ကြီးဌာနအတွင်းရှိ ဌာနများသို့ ဖြန့်ဝေရန်နှင့် ဝန်ထမ်းများသို့ အသိပညာပေး ဆောင်ရွက်ရန်၊

(ည) ဌာနက ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများမှ အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို ဆန်းစစ်လေ့လာသုံးသပ်ရန်၊

( ဋ ) ဆန်းစစ်လေ့လာချက်အပေါ်အခြေခံ၍အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ စီမံချက်ရေးဆွဲရန်၊

( ဌ ) လုပ်ငန်းများဆောင်ရွက်ရာတွင် ထူးခြားဖြစ်စဉ်ရှိပါက အထက်အကြီးအကဲများထံ အချိန်နှင့်တစ်ပြေးညီ တင်ပြရန်၊

( ဍ ) အဖွဲ့၏လစဉ်လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို ပြည်ထောင်စုဝန်ကြီးထံ တင်ပြအတည်ပြုချက်ရယူ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ မိတ္တူပေးပို့တင်ပြရန်၊

( ဎ ) အဖွဲ့၏ ပုံမှန်အစည်းအဝေးကို **လစဉ်** ကျင်းပပြုလုပ်ရန်။

၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) ကို ပြည်ထောင်စုဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

ဒေါက်တာသက်သက်ခိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၇ ရက်)

၂၀၂၁ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၁) ၏ သဘောတူညီချက်အရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး၊ လစာနှုန်း(၂၁၆,၀၀၀– ၂,၀၀၀– ၂၂၆,၀၀၀) အဆင့် ဦးတင်ဦးအား တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ မွန်ပြည်နယ် ညွှန်ကြားရေးမှူးရုံးတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) ရာထူးနေရာတွင် လုပ်ငန်းတာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

စောထွန်းအောင်မြင့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၁၄ ရက်)

အမှတ် ၅၀/၂၀၂၁။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၁ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၂၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်−

| | | | |
|---|---|---|---|
| (၁) | မင်းထွဋ် | ကြည်း ၇၇၂၈၄ | ၁-၃-၂၀၂၁ |
| (၂) | လွင်ဦး | ကြည်း ၇၇၂၈၅ | ၅-၃-၂၀၂၁ |
| (၃) | ခင်မောင်လွင် | ကြည်း ၇၇၂၈၆ | ၈-၃-၂၀၂၁ |
| (၄) | အောင်မျိုးကြည် | ကြည်း ၇၇၂၈၇ | ၈-၃-၂၀၂၁ |
| (၅) | စောဝင်း | ကြည်း ၇၇၂၈၈ | ၁၀-၃-၂၀၂၁ |
| (၆) | ဆန်းထွန်း | ကြည်း ၇၇၂၈၉ | ၁၂-၃-၂၀၂၁ |
| (၇) | ဝင်းနိုင် | ကြည်း ၇၇၂၉၀ | ၁၉-၃-၂၀၂၁ |
| (၈) | ရဲအောင် | ကြည်း ၇၇၂၉၁ | ၂၀-၃-၂၀၂၁ |
| (၉) | စန်းဦး | ကြည်း ၇၇၂၉၂ | ၁-၄-၂၀၂၁ |
| (၁၀) | စန်းဝင်းမောင် | ကြည်း ၇၇၂၉၃ | ၁-၄-၂၀၂၁ |
| (၁၁) | တင်ရှိန် | ကြည်း ၇၇၂၉၄ | ၁-၄-၂၀၂၁ |
| (၁၂) | မင်းစိုး | ကြည်း ၇၇၂၉၅ | ၁-၄-၂၀၂၁ |
| (၁၃) | ကျော်ဝင်း | ကြည်း ၇၇၂၉၆ | ၁-၄-၂၀၂၁ |
| (၁၄) | ဝင်းနီ | ကြည်း ၇၇၂၉၇ | ၁-၄-၂၀၂၁ |
| (၁၅) | မျိုးဝင်း | ကြည်း ၇၇၂၉၈ | ၁-၄-၂၀၂၁ |
| (၁၆) | မျိုးမြင့်ဦး | ကြည်း ၇၇၂၉၉ | ၁-၄-၂၀၂၁ |
| (၁၇) | ဝင်းမောင် | ကြည်း ၇၇၃၀၀ | ၁-၄-၂၀၂၁ |
| (၁၈) | လှထွန်း | ကြည်း ၇၇၃၀၁ | ၁-၄-၂၀၂၁ |

| | | | |
|---|---|---|---|
| (၁၉) | သက်နိုင်ညွန့် | ကြည်း ၇၇၃၀၂ | ၁-၄-၂၀၂၁ |
| (၂၀) | သန်းဇော်ဌေး | ကြည်း ၇၇၃၀၃ | ၁-၄-၂၀၂၁ |
| (၂၁) | သန်းမင်းဇော် | ကြည်း ၇၇၃၀၄ | ၁-၄-၂၀၂၁ |
| (၂၂) | သန်းအေး | ကြည်း ၇၇၃၀၅ | ၅-၄-၂၀၂၁ |
| (၂၃) | သန်းနိုင် | ကြည်း ၇၇၃၀၆ | ၆-၄-၂၀၂၁ |
| (၂၄) | သိန်းလွင် | ကြည်း ၇၇၃၀၇ | ၁၀-၄-၂၀၂၁ |
| (၂၅) | အောင်မျိုးဆင့် | ကြည်း ၇၇၃၀၈ | ၁၀-၄-၂၀၂၁ |
| (၂၆) | ဝင်းဗိုလ် | ကြည်း ၇၇၃၀၉ | ၁၇-၄-၂၀၂၁ |
| (၂၇) | ဦးစောဖြူ | ကြည်း ၇၇၃၁၀ | ၂၁-၄-၂၀၂၁ |
| (၂၈) | ထွန်းထွန်းဦး | ကြည်း ၇၇၃၁၁ | ၂၇-၄-၂၀၂၁ |
| (၂၉) | ရွှေဝင်း | ကြည်း ၇၇၃၁၂ | ၂၇-၄-၂၀၂၁ |
| (၃၀) | ကျော်ရွှေ | ကြည်း ၇၇၃၁၃ | ၂-၅-၂၀၂၁ |
| (၃၁) | ကိုကိုအောင် | ကြည်း ၇၇၃၁၄ | ၃-၅-၂၀၂၁ |
| (၃၂) | အောင်အောင်ကျော် | ကြည်း ၇၇၃၁၅ | ၅-၅-၂၀၂၁ |
| (၃၃) | လှဘုန်း | ကြည်း ၇၇၃၁၆ | ၇-၅-၂၀၂၁ |
| (၃၄) | တောအောင် | ကြည်း ၇၇၃၁၇ | ၉-၅-၂၀၂၁ |
| (၃၅) | သန်းထွန်း | ကြည်း ၇၇၃၁၈ | ၁၀-၅-၂၀၂၁ |
| (၃၆) | မျိုးနိုင် | ကြည်း ၇၇၃၁၉ | ၁၁-၅-၂၀၂၁ |
| (၃၇) | အောင်အောင် | ကြည်း ၇၇၃၂၀ | ၁၄-၅-၂၀၂၁ |

## (ရေတပ်ဌာနစု)

အမှတ် ၂/၂၀၂၁။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၁ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၂၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၁ ခုနှစ်၊ မေလ ၂ ရက်နေ့မှအစပြု၍ တပ်မတော်(ရေ) စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

| | |
|---|---|
| သီဟန် | ရေ ၅၆၂၄ |

## (လေတပ်ဌာနစု)

အမှတ် ၄/၂၀၂၁။ အောက်ဖော်ပြပါ လေကြောင်းအချက်ပြကြီးနှင့် လေကြောင်းစက်ပစ်ကြီးများအား ၂၀၂၁ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၂၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော်(လေ)အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ(ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

| | | | |
|---|---|---|---|
| ( ၁ ) | သန်းနိုင်ဦး | လေ ၄၄၈၁ | ၁၂-၄-၂၀၂၁ |
| ( ၂ ) | ကျော်ဌေး | လေ ၄၄၈၂ | ၁၃-၄-၂၀၂၁ |
| ( ၃ ) | ရဲထွန်း | လေ ၄၄၈၃ | ၈-၅-၂၀၂၁ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက် (၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### BAWGA GONE SERVICES COMPANY LIMITED

နောက်ဆုံးအကြိမ် အစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြ အတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

အစည်းအဝေးကျင်းပသည့်နေ့ ။ ။ ၂-၈-၂၀၂၁

အစည်းအဝေးကျင်းပသည့်အချိန် ။ ။ နံနက် (၁၀:၃၀) နာရီ

အစည်းအဝေးကျင်းပသည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်းလိပ်စာ

ဦးကျော်ဝင်း **(B.Sc, H. G.P, R.L)**
NBN 018181
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

### China Petroleum Pipeline Engineering (Myanmar) Co., Ltd

Invitation to attend the final meeting for winding up the company account

All shareholders are invited to attend the final meeting for winding up the company account according to Section 357 (a) of the Myanmar Companies Law on 30–7–2021 at 10:00 am at Zone A–03–03, Golden City Business Center, Yankin Road, Yankin Township, Yangon Region.

U Myo Thet Tun
Liquidator
China Petroleum Pipeline Engineering (Myanmar) Co., Ltd
Ph– 09795517564

**ဗွီမြ ကုမ္ပဏီလီမိတက်**

**(VIMYA COMPANY LIMITED)**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကိုအစုရှင်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြော်ငြာခြင်း

၁။ **ဗွီမြ ကုမ္ပဏီလီမိတက် (VIMYA COMPANY LIMITED)** ကိုအစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၈-၆-၂၀၂၁) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးကျော်ဝင်း (B.Sc, H.G.P, R.L) အမှတ် (၅၀/ပ-ထပ်) ၊ အခန်း (စီ-၁) ၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို (၂-၈-၂၀၂၁) ရက်နေ့ထက်နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

Ms. LE HOANG THUY NGA
Managing Director
Vimya Company Limited
(On Behalf of Company)

ဦးကျော်ဝင်း
B.Sc, H.G.P, R.L
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း- ၀၉ ၄၄၃၁၁၂၆၇၃

**MYANMAR DHOW COMPANY LIMITED**

မိမိ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ကြေညာခြင်း

၂၀၂၁ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့၌ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော သာမန်ထက်ထူးကဲသော အစည်းအဝေးမှ အထူးဆုံးဖြတ်ချက်အရ **MYANMAR DHOW COMPANY LIMITED** အား (၁၆-၆-၂၀၂၁) ရက်နေ့မှစ၍ မိမိ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးနိုင်ဝင်း (LL.B., DBL., DIL) တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၆၇၈၉/၂၁-၁၂-၂၀၂၀) အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ အဖြစ် ခန့်အပ်ထားပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၁၆) ရက်နေ့ နောက်ဆုံးထား၍ အောက်ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ဆက်သွယ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Mr. Kwack Dong Won
Managing Director
Myanmar Dhow Company Limited

ဦးနိုင်ဝင်း
LL.B., DBL., DIL
တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၆၇၈၉)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
Myanmar Dhow Company Limited (ဖျက်သိမ်းဆဲ)
Ph: 09 420 120 744, 09 421 512 473

**Nekuino Myanmar Company Limited**

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ ၃၅၀ (က) အရ

ကုမ္ပဏီကိုဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **Nekuino Myanmar Company Limited** အား (၇-၆-၂၀၂၁) နေ့တွင်စတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ဦးဆန်းထွန်း မှတ်ပုံတင်စာရင်းကိုင်အမှတ် (၆၅)၊ ပထမထပ်၊ ၂၉-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်ရှိနှင့် ပေးရန်ရှိသည်များကို အစုရှယ်ယာရှင်များမှ သတ်မှတ်ထားသော (၃၀-၇-၂၀၂၁) ရက်ထက်နောက်မကျစေဘဲ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံနိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| Koichi Watanabe | ဦးဆန်းထွန်း |
| Managing Director | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| Nekuino Myanmar Co., Ltd | |

In the Matter of the Myanmar Companies Law (2017) and

**KEKOKUA COMPANY LIMITED**

(Members' Voluntary Winding up)

Notice of Special Resolutions pursuant to Section (348)

NOTICE is hereby given that at a General Meeting of **KEKOKUA COMPANY LIMITED** held at No. (111/A), Ngar Htet Kyi Pagoda Road, Bahan Township, Yangon Region, Myanmar, on 21st June 2021, the following was passed as a Special Resolution:–

That the Company be wound up voluntarily and that Daw San San Maw, "Certified Public Accountants, Auditors and Financial Consultants, be and is hereby appointed liquidator for the purpose of such winding up."

Notice is further given that the creditors of the above–named company are required to send their names and addresses with the particulars of their debt or claims against the said company at No. (111/A), Ngar Htet Kyi Pagoda Road, Bahan Township, Yangon Region, Myanmar, to the undersigned, the liquidator, personally or by their lawyers to come in within one month from the date of this announcement and prove their debts or claims set out in such notice or in default thereof they may be excluded from the benefit of any distribution made before such debts are proved.

Dated this day of June 21st 2021.

| | |
|---|---|
| Mr. Calvin Tsun Wei Pun | San San Maw |
| Managing Director | B.Com, CPA |
| KEKOKUA COMPANY LIMITED | Liquidator |
| | Certified Public Accountants and Auditors |

## QCD Technology (MM) Co., Ltd

In the Matter of the Myanmar Companies Law and **QCD Technology (Myanmar) Co., Ltd**

(Under Section 345)

At an Extraordinary General Meeting of the Shareholders of the Company hold at its Registered office No.0103, Ground Floor, Sakura Tower 339 Bogyoke Aung San Road Kyauktada Township, Yangon, Myanmar at 10:00 am on (17–6–2021) the following resolutions were passed as Special Resolution:–

(1) that the Company be hereby wound up voluntarily,

(2) that U Kyaw Khine Lin (CPA), Building (E), Entrance (3), Room (606) , 1st Street, Hi–Way Complex Housing, Kamayut Township, Yangon is hereby appointed Liquidator of the Company to such extent and such period as may be necessary for the beneficial winding up there of granted such other powers as may be deemed fit or proper.

Claim Notice

All persons claiming to be creditors of the above Company are requested to submit details of their claims together with any documentary evidence in their possession to the liquidator at the address given above before one month from (16–7–2021).

Lee Chee Shyan
Director
QCD Technology (Myanmar) Co., Ltd

Kyaw Khine Lin
Liquidator
QCD Technology (Myanmar) Co., Ltd

## CARE4U MYANMAR COMPANY LIMITED

In the Matter of the Myanmar Companies Law and **CARE4U Myanmar Co., Ltd**

(Under Section 345)

At an Extraordinary General Meeting of the Shareholders of the Company hold at its Registered office Bogyoke Aung San Road, 339, # 11–07, Sakura Tower, Kyauktada Township, Yangon, Myanmar at 10:00 am on (17–6–2021) the following resolutions were passed as Special Resolution:–

(1) that the Company be hereby wound up voluntarily,

(2) that U Kyaw Khine Lin (CPA), Building (E), Entrance (3), Room (606) , 1st Street, Hi–Way Complex Housing, Kamayut Township, Yangon is hereby appointed Liquidator of the Company to such extent and such period as may be necessary for the beneficial winding up there of granted such other powers as may be deemed fit or proper.

Claim Notice

All persons claiming to be creditors of the above Company are requested to submit details of their claims together with any documentary evidence in their possession to the liquidator at the address given above before one month from (16–7–2021).

Lee Sok Kheng
Director
CARE4U Myanmar Co., Ltd

Kyaw Khine Lin
Liquidator
CARE4U Myanmar Co., Ltd

ပ၊ ထ၊ န – အမှတ် ၅၅၈/ ၂၀/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ – ၂၀၄၅/ ၂–၇–၂၀၂၁။